ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ (7-9-2008) (၅၇၉၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၇

၂၀၀၈ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဘရာဇီးလ်ပြည်ထောင်စု သမ္မတနိုင်ငံ သမ္မတ မစ္စတာ လူးဝစ်အင်နာစီရိုလူလာဒါဆီးလ်ဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ အမျိုးသားပညာရည်မြင့်မားရေး အစီအမံများ ရည်မှန်းချက်များအတိုင်း အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက် နိုင်ငံအတွက် အဓိကလိုအပ်နေသော အမျိုးသားရေးစွမ်းအားကို တည်ဆောက်

ရန်ကုန် စက်တင်ဘာ ၆

အခြေခံပညာဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့် တက်ရောက်၍သင်တန်းဆင်းအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဗိုလ်မှူးကြီးတင်ငွေ၊ ဦးမျိုးမြင့်နှင့် ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၅)တွင် သင်တန်းသား စံပြဆုရ မွန်ပြည်နယ် ကျိုက်မရော မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ထရနာ)မှ အလယ်တန်းပြ ဆရာ ဦးကျော်ကျော်မျိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုရှီဘာကုမ္ပဏီ၏ နည်းပညာသစ် အာရုံခံ ရုပ်မြင်သံကြား ကြည့်ရှုရတော့မည်

လန်ဒန် စက်တင်ဘာ ၆

တိုရှီဘာကုမ္ပဏီမှ နောက်ဆုံးတီထွင်သော ရုပ်မြင်သံကြား နည်းပညာသစ်တွင် ရုပ်မြင်သံကြားများ၌ အဝေးထိန်းကိရိယာ ရိမုကွန်ထရိုးလ်အသုံးမပြုဘဲ ကြည့်ရှုနိုင်အောင် နည်းပညာသစ် ထည့်သွင်းထားသည်ဟု **စာမျက်နှာ ၃ ကော်လံ ၁ သို့ ●**

တိုရှီဘာကုမ္ပဏီမှ နည်းပညာသစ်ဖြင့်ထုတ်လုပ်သော အာရုံခံရုပ်မြင်သံကြားကို စက်တင်ဘာ ၆ရက်က တွေ့ရစဉ်။
အင်တာနက်။



ဒူဘိုင်းမှ ဒီဇိုင်းပညာရှင် ပုံစံထုတ်ရေးဆွဲသည့် လူတစ်သန်းခန့် နေထိုင်နိုင်မည့် ပိရမစ် အဆောက်အအုံကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။ *အင်တာနက်။*



လူတစ်သန်းခန့် နေထိုင်နိုင်မည့် ပိရမစ်ပုံစံ အဆောက်အအုံ ဒူဘိုင်းမှ ဒီဇိုင်းပညာရှင်တစ်ဦး ပုံစံထုတ်ရေးဆွဲ

ဒူဘိုင်း စက်တင်ဘာ ၆

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးစေမည့် ပိရမစ်သဏ္ဍာန် အဆောက်အအုံ ပုံစံတစ်ခုကို ဒူဘိုင်းမှ အဆောက်အအုံ ဒီဇိုင်းပညာရှင်တစ်ဦးက ရေးဆွဲခဲ့သည်။ အဆိုပါ အဆောက်အအုံမှာ လက်ရှိအချိန်တွင် ပုံနှိပ်စာရွက်အဖြစ်သာ ရှိနေသေးသော်လည်း မကြာမီအချိန်အတွင်း အမှန်တကယ်ဖြစ်လာမည်ဟု တိုင်းလင့်စ် ဒီဇိုင်းကုမ္ပဏီက ပြောကြားသည်။

ခေတ်ရှေ့ပြေး ပုံစံတစ်ခုအဖြစ် လှပခမ်းနားစွာ မွမ်းမံထားသည့် ထိုပိရမစ်အဆောက်အအုံကို မှန်နံရံကြီးများ ကာရံထားမည်ဖြစ်ပြီး **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ■**

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မုတ်သုံလေ ဆက်လက်အားနည်းနေမည်။

ကြေးမုံ The Mirror
၇-၉-၂၀၀၈
(တနင်္ဂနွေနေ့)

နှလုံးကျန်းမာမှု အစဉ်ဂရုပြုထိန်းသိမ်း

နှလုံးသည် လူ၏ခန္ဓာကိုယ်အတွင်းရှိ အောက်စီဂျင်ပြည့်ဝသော သွေးများကို နေရာအနှံ့ လှည့်ပတ်သွားလာနိုင်ရန် ပေးပို့နေရသော အစိတ်အပိုင်းဖြစ်သည်။ နှလုံးခုန်မှုရပ်သွားသည်နှင့် အခြားအင်္ဂါအစိတ်အပိုင်းများအားလုံး အလုပ်မလုပ်တော့ဘဲ သေဆုံးသွားမည်ဖြစ်ရာ နှလုံးကျန်းမာမှု ဂရုပြုကြရမည်ဖြစ်သည်။

ကိုယ်အလေးချိန် ပုံမှန်ထက်များခြင်းနှင့် ဝခြင်းတို့သည် နှလုံးသွေးကြောကျဉ်းရောဂါကိုဖြစ်စေသည့် အခြေခံအကြောင်းများတွင် ပါဝင်သည်။ ထို့အပြင် ဆေးလိပ်သောက်သူများအနေဖြင့် အဆုတ်ကင်ဆာဖြစ်ခြင်းအပြင် နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းစသည့် ရောဂါဝေဒနာများ ဖြစ်ပေါ်စေနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

လူတိုင်းအသက်အရွယ် ကြီးရင့်လာသောအခါ နှလုံးသည် အိုမင်းရင့်ရော်လာပြီး နှလုံးသွေးကြောကျဉ်းရောဂါ ရလာနိုင်သဖြင့် စနစ်တကျ နေထိုင်စားသောက်ကြရန် လိုအပ်သည်။ ဟင်းသီးဟင်းရွက်များအပါအဝင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ စားသောက်ခြင်း၊ ပြည့်ဝဆီများပါသော အစားအစာနှင့် ဆားများ လျှော့၍ စားသုံးခြင်းတို့သည် ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှု ရရှိစေမည်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းကြောင့် ကိုယ်အလေးချိန် အသင့်အတင့် ကျဆင်းစေပြီး နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားစေသည့် သွေးပေါင်ချိန်များခြင်း၊ သွေးတွင်းအဆီဓာတ်နှင့် အချိုဓာတ်များခြင်းတို့ကို ထိန်းသိမ်းနိုင်သည်။ အရွယ်ရောက်သူတစ်ဦးအတွက် တစ်နေ့လျှင် နာရီဝက်ခန့် လေ့ကျင့်ခန်းပြုလုပ်ခြင်း သို့မဟုတ် လမ်းလျှောက်ခြင်းတို့ကို ပုံမှန်ပြုလုပ်သင့်သည်။

ရင်ဘတ်အောင့်ခြင်း၊ လက်ဝဲဘက်လက်မောင်း၊ မေးရိုးနှင့် ပခုံးတို့အထိပါ နာကျင်လာခြင်း၊ ရင်ဘတ်ကျပ်သိပ်နေခြင်း၊ အသက်ရှူမဝခြင်းစသည့် လက္ခဏာများ ခံစားကြုံတွေ့ရပါက အမြန်ဆုံးကုသမှုခံယူကြရမည်ဖြစ်သည်။

နှလုံးသွေးကြောပိတ်ဆို့ခြင်း(Heart Attack)ရောဂါ မဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းကာကွယ်ရေး ပညာပေး နှိုးဆော်ချက်များ ထုတ်ပြန်ထားသည်နှင့်အညီ လူတိုင်း လူတိုင်းက ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ စနစ်တကျ ချင့်ချိန်စားသောက်ခြင်းတို့ဖြင့် နှလုံးရောဂါကင်းရှင်းပြီး အသက်ရှည် ကျန်းမာကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင်အာရှ ဒေသဆိုင်ရာညှိနှိုင်းရေးမှူးနှင့် ဌာနေကိုယ်စားလှယ်တို့ ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာရေမွန်ဟောလ်နှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှဌာနေကိုယ်စားလှယ် မစ္စတာဘာရာဂျာပန်ဒေးတို့သည် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာရေမွန်ဟောလ်နှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဌာနေကိုယ်စားလှယ် မစ္စတာဘာရာဂျာပန်ဒေး တို့ လာရောက်တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဌေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ထူးချွန်ကျောင်းသားလူငယ် ၁၃ ဦးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် အထူးစာတမ်းများကို မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာသူများက ဆွေးနွေးအကြံပြုကြသည်။

ဧည့်ခံ

ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား၊ကျောင်းသူများနှင့် အလှူရှင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းဝင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမီး၏

လေဘေးသင့် ပြည်သူများအတွက် လူနေအိမ်၊ စောင်နှင့်ဆန်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ Studer Trust Charity (Hongkong)မှ ဥက္ကဋ္ဌ Peter Gautschi နှင့်အဖွဲ့က ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ရွှေထူးကျေးရွာ၌ လူနေအိမ်အလုံး ၅၀ တည်ဆောက်ရန် ငွေကျပ်သိန်း၃၀၀၊ i Love Myanmar က လပွတ္တာမြို့နယ်၌ လူနေအိမ်အလုံး ၅၀၀ဆောက်လုပ်ရန်အတွက်ငွေကျပ်သိန်း၃၀၀၀နှင့် Mr.Kenneth Laura (Relief Coordinator, World Concern Myanmar)က လပွတ္တာမြို့နယ် မြသာဇီးဖြူကျေးရွာအုပ်စု ဆင်ရုပ် ကျေးရွာအတွက် အမေရိကန်ဒေါ်လာ ၂၂၀၈၅ တန်ဖိုးရှိ မိသားစုသုံး ကယ်ဆယ်ရေးပစ္စည်းအစုံ ၉၀၊ စောင် ၄၈၀၊ ဆန်အိတ် ၁၄၅ အိတ်တို့ကို လာရောက်ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦး ထူးချွန်ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် လေဘေးသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရယူစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ ၆ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံစစ်သံမှူး Col, Muzammil Hussain Shah နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဝန်ကြီးဦးဉာဏ်ဝင်း ဘရာဇီးလ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၇

၂၀၀၈ခုနှစ် စက်တင်ဘာ ၇ ရက်တွင်ကျရောက်သောဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဆယ်လ်လိုလူးဝစ်ချူးအာမိုရင်း(မ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်း ထပ်ဆင့်ရေတင်လုပ်ငန်းကို ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဖောင်းကတာစ်ပြကျေးရွာအနီးရှိ ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှတစ်ဆင့် ထပ်ဆင့်ရေတင်ခြင်းလုပ်ငန်းသို့ ရောက်ရှိကြရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမင်းက ယာမြေမှ လယ်မြေသို့ပြောင်း၍ မိုးစပါးစိုက်ပျိုးမည့် ၄၂၁ ဧကသို့ ထပ်ဆင့် ရေတင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့်ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်ဗဟိုအတွင်းရေးမှူးတို့သည် ထပ်ဆင့်ရေတင်ခြင်းလုပ်ငန်း လက်တံ(၁)မြောင်းမှယာမှလယ်ပြောင်းစိုက်ပျိုးမြေများသို့ ရေပေးဝေနေမှုနှင့်မြေပြုပြင်နေမှုတို့ကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင် စီမံကိန်း ထပ်ဆင့်ရေတင်ခြင်း လုပ်ငန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

● တိုရှိဘာမှအဆက်

သိရသည်။ ရုပ်မြင်သံကြားကြည့်သူအနေဖြင့် ၎င်း၏လက်ကို လှုပ်ယမ်းရုံဖြင့် အဝေးထိန်းကိရိယာ အသုံးပြုသလို ဖန်ရှင်(Function)များကို ထိန်းချုပ်နိုင်မည်ဟု ဆိုသည်။

ကင်းဘရစ်ချ်တွင် တိုရှိဘာကုမ္ပဏီမှ သိပ္ပံပညာရှင်များက အဆိုပါအာရုံခံရုပ်မြင်သံကြားအား တီထွင်ခဲ့သည်။ ရုပ်မြင်သံကြားတွင်တပ်ဆင်ထားသည့် ဝက်ကမ် (Web.Cam) မှတစ်ဆင့် ကြည့်ရှုသူ၏ လက်လှုပ်ရှားမှုကို အာရုံခံကာ ရုပ်သံစက်ခလုတ်များကို အသုံးပြုနိုင်မည် ဖြစ်သည်။ ဥပမာ လက်ဝါးဖြန့် တားဆီးထားသည့် ပုံသဏ္ဌာန်ပြလျှင် တီဗွီအား ရပ်ဆိုင်းခြင်း (Pause) လုပ်နိုင်ပြီး လက်ကို အထက်အောက် ဝှေ့ယမ်းခြင်းဖြင့် အသံအနိမ့်အမြင့်ကို ချိန်ညှိနိုင်မည် ဖြစ်သည်။အဆိုပါ တီဗွီအား ဂျာမနီနိုင်ငံဘာလင်မြို့၌ ယခုရက်သတ္တပတ်အတွင်း ပြသထားပြီး စျေးကွက်အတွင်း ဖြန့်ဖြူးနိုင်ရန် ငါးနှစ်မျှကြာမြင့်မည်ဟု သိရသည်။

ယခုတီဗွီပုံစံမျိုးကို ဩစတြေးလျနိုင်ငံ ဝေါလောင်ကောင်တက္ကသိုလ်တွင်လည်း စမ်းသပ်နေပြီဟု သိရပြီး အနာဂတ်ကာလတွင် သိပ္ပံရုပ်ရှင်ဇာတ်ကားများအတွင်းမှ အာရုံခံတီဗွီမျိုး ပေါ်ပေါက်လာမည်ဟု သိရသည်။

အင်တာနက်။

Concordia International Co.,Ltdနှင့် Fortune International Limited တို့ပူးပေါင်းကျင်းပသော စက်တင်ဘာဈေးရောင်းပွဲတော်ဖွင့်

ရန်ကုန် စက်တင်ဘာ ၆

Concordia International Co.,Ltdနှင့် Fortune International Limited တို့ ပူးပေါင်းကျင်းပသော စက်တင်ဘာဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel၌ ကျင်းပသည်။

ရှေးဦးစွာ Concordia International Co.,Ltdနှင့် Fortune International Limitedတို့မှ တာဝန်ရှိသူများက ၎င်းတို့ကုမ္ပဏီများမှ ပြသရောင်းချမည့် ပစ္စည်းများအကြောင်းကိုရှင်းလင်း ပြောကြားကြသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် Concordia International Co.,Ltd မှ ခင်းကျင်းပြသထားမည့် ပစ္စည်းများမှာ Fuji Xerox အမှတ်တံဆိပ် ရုံးလုပ်ငန်းသုံးကာလာလေဆာ Copier၊ Printer၊ Scanner၊ Faxများ၊ Ao Size Plotterများ၊ ကျန်းမာရေးအထောက်အကူပြု ဆေးရုံလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သော Topcon အမှတ်တံဆိပ် Total Station များ၊ Digital Theodoliteများ၊ Auto Levelများ၊ Garmin အမှတ်တံဆိပ်ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းသုံး GPS များ၊ Ohaus အမှတ်တံဆိပ် ဒီဂျစ်တယ်ချိန်ခွင်များ အစရှိသည်တို့ဖြစ်ကြောင်းသိရသည်။

Fortune International Limited မှပြသထားမည့် ပစ္စည်းများမှာ Korea နိုင်ငံမှထုတ်လုပ်သော SIGMA အမှတ်တံဆိပ် ဓာတ်လှေကား၊ စက်လှေကားများ၊ ဆေးနှင့်ဆေးပစ္စည်းများဖြစ်သော အသည်းဆေး၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး (Livovax-B)၊ ကျောက်ပတ်တီးများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သော DMA 450 Hansets၊ GSM ACCESS Kit များ၊မွေးမြူရေးဆေးဝါးနှင့်အစားအစာများ၊ ပိုးသတ်ဆေးများနှင့် မြန်မာဘာသာပြန်ဖြင့် အသုံးပြုနိုင်သည့် ရေလုပ်ငန်းသုံး ကိုရီးယားနိုင်ငံမှ Samyung Navigatia & Communication ပစ္စည်းများဖြစ်သည်။

စက်တင်ဘာဈေးရောင်းပွဲတော်ကို ယနေ့မှ စက်တင်ဘာ ၈ ရက်အထိ နေ့စဉ် နံနက် ၁၀နာရီ မှ ညနေ ၅ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ပြီး Concordia International Co.,Ltd နှင့် Fortune International Limited တို့၏ရုံးခွဲများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့တော်တို့တွင် ဖွင့်လှစ်ထားရှိကာ Service Center ပါ ပူးတွဲဖွင့်လှစ်ထားရှိသည်။ Concordia International Co.,Ltd ဖုန်း - ၀၉-၅၀၆၂၅၉၈၊ ၅၄၄၁၉၉၊ ၅၄၄၈၂၄တို့သို့ ဆက်သွယ်နိုင်ပြီး Fortune International Limited ဖုန်း - ၂၁၁၂၁၇၊ ၂၁၁၃၉၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘာပါတီသည် ပျက်စီးမှုဆီသို့ ရှေးရှုနေသည်ဟု ဝန်ကြီးဟောင်းကပြော

လန်ဒန် စက်တင်ဘာ ၅

ဗြိတိန်ဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းသည် လာမည့်လများအတွင်း အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များကို တိုးတက်အောင် မစွမ်းဆောင်နိုင်ခဲ့လျှင် ပါတီခေါင်းဆောင်နေရာမှ ဆင်းပေးသင့်သည်ဟု ပြည်ထဲရေးဝန်ကြီးဟောင်းချားလ်စ်ကလတ်က ကြာသပတေးနေ့တွင် ပြောကြားသည်။ လေဘာပါတီသည် လက်ရှိသွားနေသောလမ်းကြောင်း မပြောင်းလဲခဲ့သော် လာမည့်ရွေးကောက်ပွဲ၌ အပျက်ဘက်ဆီသို့ ရှေးရှုနေသည်ဟု ကလတ်က ပြောကြားသည်။

ပါတီတွင်း၌ သဘောထားကွဲလွဲမှုဖြစ်ရပ်သည် ယခုအခါ ပေါ်ပေါက်လျက်ရှိသည်။ ကလတ်က ဘီဘီစီသို့ ပြောကြားရာ၌ ဘရောင်းသည် ထူးချွန်သော ဘဏ္ဍာရေးဝန်ကြီးတစ်ဦးဖြစ်ကြောင်း၊ သို့သော် ယခုအခါတွင် ဘရောင်းအနေဖြင့် ပြတ်သားသည့် ခေါင်းဆောင်မှုကို ချမှတ်လုပ်ဆောင်ရန် လိုအပ်နေကြောင်း ပြောကြားလိုက်သည်။

လုပ်ဆောင်ချက်များ မအောင်မြင်သည့်အတွက်ဘရောင်းသည်ဂုဏ်သိက္ခာရှိစွာ ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးသင့်သည်။နောက်ခေါင်းဆောင်တစ်ဦးကိုရွေးချယ်ရန်ပါတီရွေးချယ်ပွဲကိုကျင်းပရမည်ဟု ကလတ်ကဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စလိုဗက်နှင့် ပေါ်တူဂီတို့ အရင်းအမြစ်များအပေါ် ပူးပေါင်းဆောင်ရွက်ရေးသဘောတူ

ပရာဟာ စက်တင်ဘာ ၅

စလိုဗက်သမ္မတ အီဗန်ဂက်စ်ပါရိုဗစ်နှင့် ပေါ်တူဂီသမ္မတ အနီဘောလ်ကာဘာကို ဆီလ်ဗားတို့သည် ဆလိုဗက်ကီးယားနိုင်ငံ ဘရာတစ်လာဗာမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ ထိုအစည်းအဝေးတွင် သယံဇာတအရင်းအမြစ်များ ဖော်ထုတ်အသုံးချရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အလားအလာများအား ဆွေးနွေးကြသည်ဟု ချက်သတင်းဌာန စီတီကေ က ကြာသပတေးနေ့တွင် ဖော်ပြသည်။

ဆီလ်ဗားသည် ဆလိုဗက်နိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ် ရောက်ရှိနေခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ရေစွမ်းအင်နှင့် လေစွမ်းအင်တို့ကို အသုံးပြုရေး အထူးအလေးထားဆောင်ရွက်နေသော ကုမ္ပဏီများလည်း လိုက်ပါလာသည်ဟု စီတီကေက ပြောကြားသည်။

စလိုဗက်နိုင်ငံ၏ အနောက်ဘက်ဂျာစလိုဗက်ကီးဆိုဟူနိုက်စ်တွင်ရှိသော နျူကလီးယားဓာတ်အားစက်ရုံ နှစ်ရုံပိတ်လိုက်ရပြီးသည့်နောက်ပိုင်းတွင် ပြည်တွင်း၌ စွမ်းအင်လုံလောက်စွာရရှိရန် ပြည်ပကို မှီခိုနေရသည်ဟု ဂက်စ်ပါရိုဗစ်၏ ပြောကြားချက်ကို စီတီကေက ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ် အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ သဘာဝဝန်းကျင်လေ့လာရေးဂြိုဟ်တုနှစ်လုံးအား သယ်ဆောင်သွားသည့် ဒုံးယာဉ် လွှတ်တင်လိုက်သည်ကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်ရဲတပ်သားသစ်များ ပြန်ပေးဆွဲခံရ

ကိုဟတ်(ပါကစ္စတန်)စက်တင်ဘာ ၅

ပါကစ္စတန်နိုင်ငံတွင် စစ်သွေးကြွများက ကောလိပ်ကျောင်းသို့ သွားသည့် လမ်းပေါ်တွင် ရဲတပ်သားသစ် ၂၆ ဦးအား ပြန်ပေးဆွဲခဲ့ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။ ယင်းသို့ဖြစ်ပွားစဉ် အနောက်မြောက်ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားရာ သောင်းကျန်းသူ ၃၆ ဦးသေဆုံးသွားသည်။

အဆိုပါ ရဲတပ်သားသစ်များသည် အနောက်မြောက်ဘက် ပြည်နယ်ရှိ ဟန်ဂူမြို့သင်တန်းကျောင်းသို့ ဘတ်စ်ကားသုံးစီးဖြင့် ခရီးထွက်လာစဉ် အော်ရတ်စ်ဇိုင်း လူမျိုးစုဒေသတွင် စက်တင်ဘာ ၃ရက်ကသေနတ်သမားများ၏ ပြန်ပေးဆွဲခြင်း ခံရသည်။ သို့သော်စစ်သွေးကြွများကယာဉ်မောင်းများအား ဖမ်းဆီးသွားခြင်း မရှိဘဲ လွှတ်ပေးခဲ့သည်။

စစ်သွေးကြွများက လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်နေစဉ် လွန်ခဲ့သောနှစ်က အစိုးရအရာရှိများ၊ စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် အတော်များများကို ပြန်ပေးဆွဲခဲ့ပြီး ယခုတိုင် ၎င်းတို့ထဲမှ အချို့ကို ဖမ်းဆီးထားဆဲဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆီးရီးယားနှင့်အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲရွှေ့ဆိုင်း

ဒမတ်စကပ် စက်တင်ဘာ ၅

ဆီးရီးယားနှင့် အစ္စရေးနိုင်ငံတို့ တိုက်ရိုက်မတွေ့ဘဲတစ်ဆင့်ခံ၍ကျင်းပသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အစ္စရေး စေ့စပ်ဆွေးနွေးပွဲ အဖွဲ့ခေါင်းဆောင် နုတ်ထွက်ခြင်းကြောင့် ရွှေ့ဆိုင်းလိုက်ကြောင်းဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်က စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

သို့သော် တူရကီနိုင်ငံသမ္မတက ဆွေးနွေးပွဲကို ယခုလကုန်၌ ပြန်လည်စတင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းသည် ကြားလူအဖြစ် နှစ်နိုင်ငံကိစ္စကိုစေ့စပ်ပေးနေသူဖြစ်သည်။

၁၉၆၇ခုနှစ်ကဖြစ်ပွားသော အရှေ့အလယ်ပိုင်း စစ်ပွဲအတွင်းအစ္စရေးက ဆီးရီးယားနိုင်ငံမှ သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ဒေသပြန်လည်လွှဲပြောင်းပေးရေးနှင့်ပတ်သက်၍တစ်ဆင့်ခံဆွေးနွေးပွဲပေါင်း လေးကြိမ်ပြုလုပ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်နိုင်ငံတွင် ဂိုဏ်းဂဏဆိုင်ရာ ပြဿနာများ ဖြစ်ပွားပြီးနောက် ထရီပိုလီမြို့မြောက်ပိုင်းတွင် လက်ဘနွန်တပ်ဖွဲ့များ ကင်းလှည့်နေသည်ကို စက်တင်ဘာ ၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချမ်းသာသည့်နိုင်ငံများက ပေးသောကတိကဝတ် အပြည့်အဝမလိုက်နာဟု ကုလသမဂ္ဂ ပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၅

ချမ်းသာသည့် နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံတို့အား အထောက်အပံ့ပေးရန် ပေးထားသော ကတိကဝတ်များကို ဖြည့်ဆည်းပေးရာ၌ အပြည့်အဝ မလိုက်နာကြောင်း ကုလသမဂ္ဂက ကြာသပတေးနေ့တွင် ပြောကြားသည်။

စက်တင်ဘာ ၄ ရက်က ထုတ်ပြန်သော အစီရင်ခံစာ၌ အလှူရှင်နိုင်ငံများသည် ၂၀၀၅ ခုနှစ်က ၎င်းတို့ အာမခံခဲ့သော ကတိများအတိုင်း ပြည့်မီရန်အတွက် ယခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်းတစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံ ဖွံ့ဖြိုးရေး အထောက်အပံ့များကိုပေးရန် လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ထိုသို့ လှူဒါန်းသည့်တိုင်အောင် ထည့်ဝင်သောအလှူငွေပမာဏသည် ချမ်းသာသောနိုင်ငံများ၏ အကြမ်းဖျင်း ဂျီဒီပီ စုစုပေါင်း၏ ဝဒသမ ၃၅ရာခိုင်နှုန်းသာရှိမည်ဟု မျှော်လင့်ရသည်။အစီရင်ခံစာအရ ကုလသမဂ္ဂရည်မှန်းချက်ဖြစ်သော ဝဒသမ ၇ ရာခိုင်နှုန်း၏ ထက်ဝက်သာရှိသည်ကို တွေ့ရမည်ဖြစ်သည်ဟုဆိုသည်။

၂၀၀၅ ခုနှစ်၌ ဂလီးနီးရယ်ဂလီးစ်တွင် ကျင်းပသော ဂျီ-၈ ညီလာခံ၌ အလှူရှင်နိုင်ငံများက ၂၀၁၀ပြည့်နှစ်အထိ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ ဖွံ့ဖြိုးရေး အကူအညီပေးရန် ကတိပြုခဲ့သည်။

ကုလသမဂ္ဂ အစီရင်ခံစာမှာ နိုင်ငံတကာ အကူအညီပေးရေး၊ ရောင်းဝယ်ရေးနှင့်ကြွေးမြီကိစ္စများ၏ အခြေအနေကို သိရှိရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဖွဲ့စည်းထားသော ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက် (အမ်ဒီဂျီ)မှ မည်မျှကွာဟနေသည်ကို လေ့လာသည့် သီးခြားအဖွဲ့က ပြုစုထုတ်ပြန်သော အစီရင်ခံစာဖြစ်သည်။

၂၀၀၈ခုနှစ်ကိုထောင်စုနှစ်ရည်မှန်းချက်ဆီသို့ တိုးတက်ရန် အပြောင်းအလဲကာလဟု မှတ်ယူရမည်ဖြစ်ကြောင်း အစီရင်ခံစာ၏အစပိုင်းတွင် ဘန်ကီမွန်းကရေးသားထားသည်။

အလှူရှင်နိုင်ငံများသည်၂၀၀၀ပြည့်နှစ်ကတည်းက ဖွံ့ဖြိုးရေးအကူအညီများကို တိုးမြှင့်ခဲ့ကြသော်လည်း အမှန်တကယ် အထောက်အကူစီးဆင်းမှုသည် မကြာသေးသောနှစ်များအတွင်းက ကျဆင်းခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၀၇ ခုနှစ်တွင် ၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် ကျောက်မီးသွေးတွင်းပေါက်ကွဲ ၂၄ ဦး သေ

ပေကျင်း စက်တင်ဘာ ၅

တရုတ်နိုင်ငံအရှေ့မြောက်ဘက် လိုင်အိုနင်းပြည်နယ်တွင် စက်တင်ဘာ ၄ရက် စောစောပိုင်းက ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ၂၄ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဖူဆင်းဒေသရှိ ကျောက်မီးသွေးတွင်း၌ ပိတ်မိနေသည့် အခြားအလုပ်သမားသုံးဦးကို ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေလျက်ရှိကြောင်း ယင်းသတင်းဌာနက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ကျောက်မီးသွေးတွင်း၌ အလုပ်သမား ၄၁ဦးရှိနေပြီး ၁၄ဦး အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ကျောက်မီးသွေးအများဆုံး ထုတ်လုပ်သောနိုင်ငံဖြစ်သည်သာမက အသုံးစွဲဆုံးနိုင်ငံလည်းဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ဓာတ်သတ္တု တူးဖော်ရေးလုပ်ငန်းတွင် မတော်တဆမှုအများဆုံး ဖြစ်ပွားသော ဒေသလည်းဖြစ်သည်။ ၂၀၀၇ခုနှစ်တွင် တရုတ်ကျောက်မီးသွေးတွင်း လုပ်သားများသည် ဓာတ်ငွေ့ပေါက်ကွဲခြင်း၊ ရေကြီးခြင်းနှင့် မတော်တဆဖြစ်ပွားခြင်းကြောင့် လူ ၃၇၈၆ ဦး သေဆုံးပြီး ၂၀၀၆ခုနှစ်ထက် ၂၀ရာခိုင်နှုန်း လျော့နည်းသွားကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဟေတီနိုင်ငံ ဂိုနာဘတ်ဒေသတွင် အပူပိုင်းမုန်တိုင်း ဟန်နာ တိုက်ခတ်မှုကြောင့် ရေကြီးမှုဖြစ်ပွားရာလမ်းများ ပျက်စီးနေသည်ကို စက်တင်ဘာ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က စီချွမ်ပြည်နယ်တွင် ငလျင်ဒဏ်ခံရသောလမ်းများကို ပြုပြင်နေသည့် အလုပ်သမားများအား စက်တင်ဘာ ၂ ရက်က နှုတ်ဆက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တွင် စစ်ဆန့်ကျင်သူများအား ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများသုံး၍ နှိမ်နင်း

စိန့်ပေါလ် (မင်နီဆိုတာ) စက်တင်ဘာ ၆

အမေရိကန်နိုင်ငံ၏ နိုင်ငံရေးပါတီကြီးဖြစ်သော ရီပတ်ဘလီကန်ပါတီ၏ အမျိုးသားကွန်ဗင်းရှင်း အစည်းအဝေးကျင်းပရာနေရာနှင့် တစ်မိုင်ခန့်အကွာရှိ ကက်ပီတော်လ် အဆောက်အအုံတွင် စက်တင်ဘာ ၄ ရက်က အီရတ်စစ်ပွဲ ဆန့်ကျင်သူများနှင့် ရဲတပ်ဖွဲ့တို့ ပဋိပက္ခဖြစ်ပွားကြသည်။ ထိုဖြစ်ပွားမှုတွင် ဆန့်ကျင်သူများကို ရဲတပ်ဖွဲ့က အသံဗုံးများ၊ မျက်ရည်ယိုဗုံးများ အသုံးပြု၍ လူစုခွဲပြီးနောက် အရပ်သူ၊အရပ်သား ၂၀၀ ခန့်အား ဖမ်းဆီးသွားကြောင်း သတင်းကဖော်ပြသည်။

ထိုလူများကို စိန့်ပေါလ်အရပ် မာရီယွန်လမ်းပေါ်တွင် ဖမ်းဆီးခြင်းဖြစ်ကြောင်း မင်နီဆိုတာပြည်နယ်ပြည်သူ့လုံခြုံရေးဌာနမှ တာဝန်ရှိသူ မိုက်ကယ်ကင်ပီယွန်က ပြောကြားသည်။

ဆန့်ကျင်သူများက ကွန်ဗင်းရှင်းကျင်းပရာနေရာသို့ ချီတက်ရန် ကြိုးစားကြစဉ် ရဲတပ်ဖွဲ့ဝင်များက အကြိမ်ကြိမ် တားဆီးခဲ့ရသည်။ ဆန့်ကျင်သူများကို တစ်လမ်းဝင်တစ်လမ်းထွက် လိုက်လံဖမ်းဆီးရာ၌ မြင်းစီးရဲများ၊ မော်တော်ဆိုင်ကယ်စီးရဲများနှင့် စက်ဘီးစီးရဲများကို အသုံးပြုခဲ့သည်။

အင်တာနက်။

အမေရိကန်စစ်လေယာဉ်မှ ပစ်ခတ်မှုကြောင့် ပါကစ္စတန်အရပ်သား ငါးဦး ထပ်မံသေဆုံးရ

အစ္စလာမ္မာဘတ် စက်တင်ဘာ ၆

အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်လျက်ရှိသော ပါကစ္စတန်ပိုင်နယ်မြေအတွင်းသို့ အမေရိကန်တို့က ပစ်ခတ်လိုက်သော ဒုံးလက်နက်ကြောင့် အရပ်သူ၊ အရပ်သား အနည်းဆုံး ငါးဦး ထပ်မံသေဆုံးရသည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်သွားကြောင်း ပါကစ္စတန် အရာရှိများက ပြောကြားသည်။

ထိုဒုံးကျည်မှာ နယ်စပ်ဒေသတွင် ခိုအောင်းနေသော စစ်သွေးကြွများအား ရည်ရွယ်ပစ်ခတ်ခြင်း ဖြစ်သည်ဟုဆိုသည်။ မြောက်ပိုင်း ဝါဇီရစ္စတန်နယ်အတွင်းသို့ အမေရိကန်လေယာဉ်ဟု ယူဆရသော ယာဉ်တစ်စင်းပေါ်မှ ပစ်ခတ်သွားခြင်းဖြစ်ကြောင်း မှန်းဆရသည်။

အဆိုပါကိစ္စ ဖြစ်ပွားရသည့် အကြောင်းကို သိရှိရန် ပါကစ္စတန်စစ်ဘက်က စုံစမ်းလျက်ရှိသည်။ ယခုအကြိမ်တိုက်ခိုက်မှုသည် သုံးရက်အတွင်း တတိယအကြိမ် တိုက်ခိုက်ခံရခြင်းပင်ဖြစ်သည်။ အမေရိကန်စစ်ဘက်ကမူ ယခုကိစ္စများတွင် ယင်းတို့လက်ချက် ပါဝင်ကြောင်း အတည်ပြုခြင်းမရှိပေ။

နောက်ဆုံးဖြစ်ပွားသော ပစ်ခတ်မှုတွင်လူလိုက်ပါခြင်းမရှိသော လေယာဉ်ပေါ်မှ ဒုံးကျည်ဖြင့် ပစ်ခတ်သွားခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းပစ်ခတ်မှုကြောင့် မြောက်ဝါဇီရစ္စတန်နယ်ရှိ ကာဗက်ရွာမှ အိမ်အချို့ ပျက်စီးသွားသည်ဟု ဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း မင်စွာခရိုင်တွင် ကားဗုံးခွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျက်ကျသွားသော ဖိလစ်ပိုင်စစ်ဘက်လေယာဉ် ရှာဖွေတွေ့ရှိ

မနီလာ စက်တင်ဘာ ၆

ဖိလစ်ပိုင်လေတပ်မှ စီ-၁၃၀ ကုန်တင်လေယာဉ်သည် လူ ၁၁ ဦးနှင့်အတူ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ပင်လယ်ထဲသို့ ပျက်ကျပြီး ရက်သတ္တပတ်အကြာ၌ ကယ်ဆယ်ရေးအဖွဲ့က လေယာဉ်အပျက်အစီးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း စစ်ဘက်က စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

ယင်းလေယာဉ် အပျက်အစီးကို ဒါဘာယိုပင်လယ်ကွေ့ ရေပြင်အောက် မီတာ ၁၃၀ခန့်နှင့် ဒါဘာယိုမြို့ ဘူကာနာကျေးရွာ အရှေ့ဘက် ရေမိုင် ၁ ဒသမ ၃ ၌ ယူအက်စ်အင်အက်စ် ဂွန်မက်ဒွန်နယ် သင်္ဘောက ရှာဖွေတွေ့ရှိကြောင်း ဟာကျူရီ ရေတပ်သင်္ဘောအုပ်စုမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စက်တင်ဘာ ၄ ရက် ည ၉ နာရီဝန်းကျင်၌ လေယာဉ်ကိုယ်ထည်ကို အမေရိကန် သုတေသနသင်္ဘောက တွေ့ရှိပြီး စစ်ဘက်က အပျက်အစီးများကိုပြန်လည်ဆယ်ယူကာ ပျက်ကျရခြင်း အကြောင်းရင်းကို သိရှိနိုင်ရန် ပျံသန်းမှုမှတ်တမ်း ပါရှိသော **'သေတ္တာနက်'** ကိုစစ်ဆေး ကြည့်ရှုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

အီတလီမှပြန်ပေးသော ရှေးဟောင်းကျောက်တိုင်ဖွင့်ပွဲ အီသီယိုးပီးယား၌ ကျင်းပ

အာစန် (အီသီယိုးပီးယား) စက်တင်ဘာ ၆

၁၉၃၀ပြည့်နှစ်များတွင် ဖက်ဆစ်ကျူးကျော်ရေးသမားများက အီတလီနိုင်ငံသို့ ယူဆောင်သွားသော နှစ်ပေါင်း ၁၇၀၀ သက်တမ်းရှိ ကျောက်သား မော်ကွန်းကျောက်တိုင်ကို ရှေးဟောင်းမြို့တော် မြောက်ပိုင်းရှိ သမိုင်းဝင် မူလနေရာ၌ ပြန်လည်စိုက်ထူခဲ့ရာ ထောင်ပေါင်းများစွာသော အီသီယိုးပီးယား ပြည်သူများက ကောင်းချီးသြဘာ ပေးကြသည်။

အီတလီအစိုးရက အီသီယိုးပီးယားနိုင်ငံသို့ အမျိုးသားရတနာဟု ဆိုအပ်သော အထက်ပါ မော်ကွန်းကျောက်တိုင်ကို လွန်ခဲ့သော သုံးနှစ်က ပြန်လည်ပေးအပ်ခဲ့သည်။ တစ်ခေတ်တစ်ခါက အရောင်းအဝယ် အချက်အချာကျရာ ဖြစ်ခဲ့သည့် အာစန်ရှိ မူလနေရာ၌ပင် စိုက်ထူရန်အတွက် ကုလသမဂ္ဂ အင်ဂျင်နီယာများက အကူအညီပေးကြသည်။

အီတလီဖက်ဆစ်အစိုးရကအီတလီနိုင်ငံသို့ လုယူသွားသော မော်ကွန်းကျောက်တိုင်ကို ပြန်လည်ပေးအပ်ခြင်းသည် မှန်ကန်သော ဆုံးဖြတ်ချက် ဖြစ်သည်ဟု အီသီယိုးပီးယား ဝန်ကြီးချုပ် မီးလပ်(စ်)ဇိုးနာဝီက အဆိုပါ ကျောက်တိုင်ဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

၁၉၃၇ခုနှစ် အီတလီတို့ကျူးကျော်စဉ်အခါက ဖက်ဆစ်ခေါင်းဆောင် ဘီနီတိုမူဆိုလီနီသည် အဆိုပါ ၂၄ မီတာ (၇၈ ပေ)အမြင့်ရှိပြီး အလေးချိန်တန် ၁၆၀ ရှိသော မော်ကွန်းကျောက်တိုင်ကို အီတလီနိုင်ငံ ရောမမြို့ရင်ပြင်တွင် ရွှေ့ပြောင်းထားရှိခဲ့သည်။

ယခုအခါ အီတလီအစိုးရသည် ယင်းမော်ကွန်းကျောက်တိုင်ကိုပြန်လည်လွှဲအပ်ပေးပြီး သယ်ယူပို့ဆောင်စရိတ်နှင့်ပြန်လည်စိုက်ထူစရိတ် အမေရိကန်ဒေါ်လာ ၁၀ သန်းလည်း ပေးအပ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံရပ်ခြားသို့ ဂျပန်တပ်ဖွဲ့ စေလွှတ်ရေးဥပဒေတစ်ရပ် ရွေးချယ်

တိုကျို စက်တင်ဘာ ၆

ဂျပန်နိုင်ငံ ၂၀၀၈ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန၏ စက္ကူဖြူစာတမ်းကို အစိုးရအဖွဲ့ အစည်းအဝေးတစ်ခု၌ ဂျပန်အစိုးရအဖွဲ့က သောကြာနေ့တွင်အတည်ပြုခဲ့သည်။ ယင်းစာတမ်းတွင် ဂျပန်ကာကွယ်ရေး တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်)ကို နိုင်ငံရပ်ခြားဒေသသို့ ပို့လွှတ်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်အပ်နှင်းသော အမြဲတမ်း ဥပဒေတစ်ရပ် လိုအပ်လျက်ရှိသည်ကို အတည်ပြုကြောင်း ရေးသားထားသည်။

အငြင်းပွားလျက်ရှိသော အကြောင်းအရာတစ်ခုကို ဤကာကွယ်ရေးဝန်ကြီးဌာန၏ နှစ်စဉ် အစီရင်ခံစာတွင် ရှင်းလင်းစွာထောက်ပြထားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဂျပန်နိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် အရေးပါသောနိုင်ငံဖြစ်ရေးအတွက် (အက်စ်ဒီအက်ဖ်)ကို နိုင်ငံရပ်ခြားသို့ စေလွှတ်နိုင်သည့် အမြဲတမ်းဥပဒေတစ်ရပ် အပ်နှင်းရန် ရွေးချယ်ခြင်းသည် အမှန်ကန်ဆုံးဖြစ်ကြောင်း သတင်းစာများက ရေးသားဖော်ပြကြသည်။

ဂျပန်နိုင်ငံ၏ လက်ရှိ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လှုပ်ရှားမှုများ အားလုံးသည် အထူးဥပဒေ၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးရေတပ်ဖွဲ့သည် အိန္ဒိယသမုဒ္ဒရာ၌ ဆီထပ်ဖြည့်ပေးရေး တာဝန်ထမ်းဆောင်မှုကို နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ခံကြသည်ဟု သတင်းစာများက ရေးသားသည်။

အရှေ့အလယ်ပိုင်းဒေသများ၏ သဘာဝအရင်းအမြစ်များကို မှီခိုနေရသော ဂျပန်နိုင်ငံအတွက် အဆိုပါတာဝန်ကို ထမ်းရွက်ခြင်းသည် အမျိုးသားအကျိုးစီးပွားကို ထမ်းရွက်ခြင်းဖြစ်ကြောင်း ထပ်မံရေးသားသည်။ ဂျပန်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့သည်လည်း အီရတ်နိုင်ငံတွင် လေကြောင်းသယ်ယူပို့ဆောင်ရေးတာဝန်ကို ဆက်လက်ထမ်းဆောင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ပစိဖိတ် အခြေခံဥပဒေက မည်သည့်နိုင်ငံရပ်ခြား ငြိမ်းချမ်းရေးဆောင်ရွက်ခြင်းပင်ဖြစ်စေ ဥပဒေအသစ်တစ်ခု၏ ခွင့်ပြုမိန့်အာဏာကို ရယူရန် လိုအပ်ကြောင်း ရေးဆွဲထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟေတီနိုင်ငံ ဂိုနာမြို့ကို ဟန်နာ အပူပိုင်းမုန်တိုင်း ဝင်ရောက်ပြီးနောက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အထောက်အပံ့ပစ္စည်းများအား ဒုက္ခသည်များ သယ်ဆောင်လာသည်ကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စာတတ်မြောက်ရေး စာဖတ်ဝါသနာပျိုးထောင်ပေး

ဦးသန်းထွတ်
ပါမောက္ခ(ငြိမ်း) ပညာရေးတက္ကသိုလ်

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ကျောင်းပြင်ပ ပညာရေး လုပ်ငန်း ဆွေးနွေးပွဲကို အမှတ် (၁) အခြေခံပညာဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

ကျွန်တော်တက်ရောက်ခဲ့ပါသည်။ ဦးတင်ညို၊ ဦးမြင့်ဟန်၊ ဒေါ်ထူးထူးအောင်၊ ဒေါ်တင်တင်ရွှေ၊ ဒေါ်ညွန့်ညွန့်စသည့် ပုဂ္ဂိုလ်များ လည်း တက်ရောက်ဆွေးနွေးကြပါသည်။

ဒေါ်တင်တင်ရွှေ၏ ဆွေးနွေးချက်တွင်ပါဝင်သော Children books box library များကို ကျွန်တော် အထူးစိတ်ဝင်စားမိပါသည်။ စာကြည့်တိုက်သေတ္တာအညွှန်းစာတွင်-

- ငယ်ငယ်လေးကတည်းက သူတို့ကိုစာဖတ်ပြပါ။
- သူတို့နဲ့အတူစကားပြောပါ။
- သီချင်းတွေ ကဗျာတွေဆိုပြပါ။ ပုံပြင်တွေပြောပြပါ။ ဒါတွေဟာ သူတို့ရဲ့ ဘာသာစကားနဲ့စဉ်းစားတွေးခေါ်မှု စွမ်းရည်ကို တည်ဆောက် ပေးပါတယ်။
- အရေးကြီးဆုံးကတော့ ကလေးတွေကိုကစားပါစေ။ ကလေး တွေဟာ ကစားရင်းကနေ သင်ယူကြတာဖြစ်ပါတယ်။

မူကြိုကလေးငယ်များသည် ပုံပြင်စာအုပ်များကို နှစ်သက်ကြောင်း၊ မိသားစုအကြောင်း၊ သူငယ်ချင်းများအကြောင်း၊ ကျောင်းသွားသည့် အကြောင်း ရေးသားထားသော စာအုပ်များကို နှစ်သက်တတ်ကြောင်း၊ အိပ်ရာဝင်ချိန်မှာ ပုံပြင်ဖတ်ပြသည်ကို ကလေးငယ်များနှစ်သက်ကြ ကြောင်း အကြံပြုထားသည်ကို သတိပြုဖတ်မိပါသည်။ ပို၍စိတ်ဝင်စား မိသည်မှာ စာကြည့်တိုက်သေတ္တာငယ်တွင်ပါဝင်သော ကလေးစာအုပ် လေးများဖြစ်ပါသည်။ ဒေါ်တင်တင်ရွှေက ကျွန်တော်လိုချင်နေမှန်းသိ၍ စာအုပ်ပေါင်း ၁၈ အုပ်ကို ပေးပို့လိုက်ပါသည်။

စာအုပ်လေးများသည် အရွယ်အစားအမျိုးမျိုး၊ ရောင်စုံအရုပ်လေး များနှင့်ဇာတ်လမ်းဆင်ထားသည်။ ဇာတ်လမ်းအတိုဖြစ်သည်။ စာလုံး အရွယ်ကြီးသည်။ ဝါကျတိုသည်။ ဇာတ်လမ်းများမှာ ကလေးငယ်များ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ကတ်ထူများဖြင့် ကြာရှည်ခိုင်ခံ့အောင် ချုပ်လုပ်ထားသော ချစ်စရာပုံပြင်စာအုပ်ငယ်များဖြစ်သည်။ ကလေး အရွယ်၊ ကလေးပတ်ဝန်းကျင်၊ ကလေးနှင့်နီးစပ်ရာအကြောင်းများဖြစ်၍ ကလေးစာပေပီသသည်။ ပညာလည်းရ၊ ပျော်လည်းပျော်ရ၊ စာဖတ်ဝါသနာလည်း တိုးပွားစေနိုင်သော ကလေးစာပေစာစဉ်လေးများ ဖြစ်ပါသည်။

စာအုပ်ငယ်များ၏ အမည်ကိုလေ့လာကြည့်ကြပါ-

* ရွှေမိရဲ့တစ်နေ့တာ	* သားသားရေချိုးပြီ
* ကျွန်းမာပျော်ရွှင်တဲ့'ဝ'လုံးလေး	* ဘွားဘွားလက်ဆောင်
* ရေချိုးတတ်တဲ့ သမီးလေး	* နိုပ်ပေးတမ်းလေးကစားကြမယ်
* သားမှာအိမ်ရှိတယ်	* သက်တံထမင်းဝိုင်း
* အာ----ဘွား	* ဖူးပွင့်သစ်စရောင်စုံပန်း
* သူလည်းမေမေပေါ့	* ဂါဂူးပျော်သွားပြီ
	* သားသားအတွက်စာအုပ်တွေ
* မီးမီးဒီလိုသင်ယူတယ်	* သမီးလည်းလုပ်တတ်တယ်
* သင်ယူမှုတ်မိသားသားသိ။	* မီးမီးရဲ့ဖေဖေ

ထိုကလေးစာပေ၊ ကလေးစာအုပ်ကလေးများကို ပညာရေးဝန်ကြီး ဌာနနှင့်ယူနီဆက်တို့မှစီစဉ်၍ အခမဲ့ဖြန့်ဝေကြောင်းသိရပါသည်။ ထို ကလေး စာစဉ်စာအုပ်ငယ်များကို ကျွန်တော်၏မြေးဖြစ်သူ တီတီစီ သူငယ်တန်းကျောင်းသား မောင်ဘုန်းပြည့်စုံဝင်းက လက်မှမချ တစ်အုပ် ပြီးတစ်အုပ် ကြည့်နေတော့သည်။ သူ့အကြိုက်တွေ့သွားပါပြီ။ အကြိုက် တွေ့သည်မှာ သူ့အရွယ်နှင့်သူ့စာပေ၊ အကြောင်းအရာရော၊ အဆင်အပြင် ရောရောင်စုံပုံများပါကလေးသဘာဝနှင့်ကိုက်ညီသောကြောင့်ဖြစ်ပါသည်။

တစ်နေ့တွင် ကျောင်းဆင်းလာသောမြေးက သူတို့ကျောင်းကို လာရောက်ကမ်းသော စာရွက်လေးပေးသည်။ ကျွန်တော်ဖတ်ကြည့်မိ သည်။ Pre-School ကျောင်းကြော်ငြာဖြစ်သည်။ ကြော်ငြာတစ်နေရာ တွင်ဖွင့်လှစ်ထားသော မူကြိုကျောင်း၌-

-Kid Library	- Engineering Corner
-Mini Zoo	- Music & Art Classrooms
-Medical Corner	- Transpotation Corner
-Science Corner	- Indoor and Outdoor Play Ground

တို့ရှိကြောင်းဖော်ပြထားပါသည်။

ကျွန်တော်သဘောအကျဆုံးမှာ Kid Library (ကလေးစာကြည့် တိုက်)ဖြစ်ပါသည်။ ကလေးတို့အတွက် တိရစ္ဆာန်ဥယျာဉ်ငယ် (Mini Zoo)ကိုလည်း သဘောကျမိသည်။ တေးဂီတနှင့် ပန်းချီအနုပညာ (Music & Arts)၊ ကလေးကစားကွင်း (Play Ground)ကိုလည်း သဘောကျမိပါသည်။

"The Oxford Dictionary of Nursery Rhymes" စာအုပ်ကြီးကို ဖတ်မိခဲ့စဉ်ကလည်း မြန်မာကလေးငယ်များ အတွက် မြန်မာကလေးကဗျာ စွယ်စုံကျမ်းပြုစုရန် စိတ်ကူးယဉ်မိခဲ့ဖူးပါသည်။



ကလေးငယ်များကို ငယ်စဉ်ဘဝတွင် စာဖတ်ဝါသနာပါအောင် ပြုစု ပျိုးထောင်ခြင်းသည် စာတတ်မြောက်မှု အခြေခံအစဖြစ်ပါသည်။ "အငယ်ကစ၊ ကြီးပွားရ၊ လောကမဓမ္မတာ" ဆိုရိုးစကားအတိုင်း ငယ်စဉ် ကာလတွင် စာဖတ်ဝါသနာပါအောင် ပျိုးထောင်ပေးခြင်းသည် ပညာရေးလောက၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း အကြံပြုရေးသား လိုက်ရပါသည်။ ။

ယာဉ်စည်းကမ်းလမ်းစည်းကမ်းဟောပြော

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ကွပ်ကဲရေး ခန်းမ တွင် အရှေ့ပိုင်းခရိုင်ဦးစီးမှူး ဦးအောင်သိန်းသည် ရန်ကုန်တိုင်း ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဒေါ်နီနီကျော်(ဦးစီးအရာရှိ) ရန်ကုန်တိုင်း ကြီးမှဲ့ကြေးနန်း နှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ဦးမြင့်အောင်တို့နှင့် အတူ ဩဂုတ် ၂၃ရက် က အဝေးပြေးယာဉ်လိုင်းအသီးသီးမှ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လိုင်းတာဝန်ခံ များ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်စုစုပေါင်း ၆၅ဦးတို့အား ယာဉ်မတော် တဆမှု လျော့နည်းပပျောက် ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ပြီး သက်ဆိုင်ရာဌာနများမှလည်း မိမိတို့ဌာနနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာများရှင်းလင်းဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

ယနေ့မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်

မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်းလက်တွေ့ သရုပ်ပြ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်း မြို့နယ်(င/က)ရပ်ကွက် ဂျမ်ဘိုခြင်ဆေး သိုလှောင်ရုံနှင့် ဒိုင်တစ်ကုမ္ပဏီ၌ အရှေ့ပိုင်းခရိုင် မီးသတ်ဇုန်နယ်မြေ မှူးရုံးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနရုံး တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ် တားဆီးရေး အသိပညာပေးဟောပြော ပွဲနှင့်မီးငြိမ်းသတ်နည်း လက်တွေ့ သရုပ်ပြပွဲကို ယနေ့မွန်းလွဲ ၁နာရီက အဆိုပါ သိုလှောင်ရုံ၌ ကျင်းပရာ ဇုန်နယ်မြေမှူး မီးသတ်ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့်နှင့် မြို့နယ်မီးသတ် ဦးစီးမှူး ရဲကျော်သူညက်ထွန်းတို့က ကဏ္ဍအလိုက် အကျယ်တဝင့် ပညာပေးဟောပြောပြီး ဂက်(စ်)အိုး မီးနှင့် အခြားမီးလောင်မှုအမျိုးမျိုး တို့၏မီးလောင်မှုတို့ကို မီးသတ် ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ် သရုပ်ပြကြသည်။ (၀ပုံ) (၁၀၆)

စာမတတ်သူ ကောက်သင်းကောက်

- ❖ ဟိုမှာတစ်ယောက် ဒီတစ်ယောက်
  စာမတတ်သူ ကောက်သင်းကောက်။
- ❖ စာတတ်မြောက်ရေးကြွေးကြော်သံ
  ဝိုင်းဝန်းကူညီရန်၊
  တစ်ယောက်မကျန် စာသင်ပေး
  လူတိုင်း စာတတ်ရေး။
- ❖ ရေးကာဖတ်ကာ ပျော်ရွှင်စွာ
  စာသင်ဝိုင်းဖွဲ့ စာသင်ကာ၊
  မေးကာ မြန်းကာ အသိနီး
  ဘဝအတွက် ပညာတိုး။
- ❖ လောကကောင်းကျိုး ဆောင်နိုင်တာ
  ပညာသည်သာ အခရာ၊
  ပညာခေတ်မှာ အဓိက
  ပညာသည်သာ ပဓာန၊
- ❖ လူမှုဘဝ မြင့်မားရာ
  စွမ်းဆောင်နိုင်တာ နည်းပညာ
  နည်းပညာများ ရရှိဖို့
  အစဉ်လေ့လာ သင်ယူစို့။
- ❖ အစဉ်လေ့လာ သင်ယူဖို့
  စာတတ်မြောက်ရေး ကြိုးပမ်းစို့။ ။

ရေနံ့သာ မောင်ကျော်ညွန့်

မုဒုံနှင့် သံဖြူဇရပ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဩဂုတ် ၂၂ ရက်တွင် မုဒုံမြို့နယ် ကွမ်တာကျေးရွာ မိုးစပါးစံပြဧက ၂၀၀ စိုက်ကွင်းသို့ ရောက်ရှိရာ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမင်းအေးမောင်က မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများ၊ မျိုးယှဉ်ပြိုင်ကွက်များ၊ အဆင့်မြင့်နည်းပညာသုံး၍ ရွှေဘို(၁)စပါး စိုက်ပျိုးထားရှိမှုနှင့် မြေဩဇာကျွေး ယှဉ်ပြိုင်ကွက်စမ်းသပ်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တောင်သူများနှင့်တွေ့ဆုံကာ အထွက်တိုးသည့် မျိုးစပါးများကို အသုံးပြု၍ တိုးချဲ့စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ကွမ်တာကျေးရွာ၌ တောင်သူ ၄၅ ဦး စုပေါင်းစိုက်ပျိုးထားရှိသော ရွှေဘို(၁) ဧက ၁၀၀နှင့် မနော်သုခ ဧက ၁၀၀ စိုက်ပျိုးသည့် လယ်မြေများ၌ တောင်သူများက ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှု၊ မျိုးယှဉ်ပြိုင်ကွက်၊ ဓာတ်မြေဩဇာယှဉ်ပြိုင်ကွက်၊ ရွှေဘို(၁)စပါးမျိုးကို နည်းပညာ စံပြကွက်နှင့် ရွှေဘို(၁) စပါးစိုက်ကွက်များကို ကြည့်ရှုအားပေးပြီး မုဒုံမြို့နယ်၏ စပါးစိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် သံဖြူဇရပ်မြို့နယ် ဝယ်သွန်ချောင်းကျေးရွာသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကာ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျေးရွာလမ်းဘေး ဝဲ၊ ယာတစ်လျှောက်၌ ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် တိုင်းမှူးသည် သံဖြူဇရပ်မြို့နယ် ဝါခရူစံပြကျေးရွာရှိ ခြံပိုင်ရှင် ဦးမွန်စိန်၏ ခြံမြေ ငါးဧက စိုက်ခင်းသို့ရောက်ရှိပြီး ရော်ဘာတန်းကြား၌ ကြားသီးနှံများ စိုက်ပျိုးထားရှိမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ပင-ကရုပ္ပိကျေးရွာချင်းဆက် ချောင်းကူးတံတား တည်ဆောက်သည့်နေရာသို့ ရောက်ရှိ၍ အရှည်ပေ ၃၆၀၊ အကျယ် ၁၂ ပေရှိ ကရုပ္ပိချောင်းကူးတံတားသစ် ဆောက်လုပ်နေမှုနှင့် ချဉ်းကပ်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု၊ ကရုပ္ပိကျေးရွာအိတ်ချိန်းရုံးသစ်၌ ဆက်သွယ်ရေး တယ်လီဖုန်း အလုံး ၁၁၀ တပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကရုပ္ပိကျေးရွာ မိုးစပါးစံပြ ဧက ၂၀၀ စိုက်ခင်းသို့ရောက်ရှိ၍ ရွှေဘို(၁) ဆင်းသွယ်လတ်စပါးမျိုးများ စိုက်ပျိုးထားရှိမှုများ၊ ဒေသခံတောင်သူများက ဓာတ်မြေဩဇာကျွေးနေမှုများ၊ မျိုးယှဉ်ပြိုင်ကွက်၊ ဓာတ်မြေဩဇာ ကျွေးယှဉ်ပြိုင်ကွက်၊ ကောက်ကွက်စမ်းသပ်ကွက်များနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲဦးစီးအရာရှိချုပ်၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်၊ ပြည်နယ်နှင့်တိုင်း တပ်ဖွဲ့မှူးများ၊ လေ့ကျင့်ရေး ကျောင်းအုပ်ကြီးများနှင့် ဦးစီးအရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လုပ်ငန်းများဆောင်ရွက်ရာတွင် အမှန်အတိုင်း သုံးသပ်တင်ပြသွားရန်၊ တပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများကိုဆောင်ရွက်ရန်၊ တပ်ဖွဲ့ဝင်အားလုံးကချမှတ်ပေးသည့်စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် စေတနာထား၍ အလုပ်လုပ်ပြီး မိမိတာဝန်ကျသည့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက နိဂုံးချုပ် အမှာစကားပြောကြားကာ ညနေပိုင်းတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ဦးကြူမိသားစု ဂျုံစက်ရုံလုပ်ငန်း ကုမ္ပဏီလီမိတက်က ဒလမြို့နယ် အမှတ်(၉)အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်းများ၌ ကျောင်းဆောင်သစ် တစ်ဆောင်စီ ဆောက်လုပ်ရန် ဦးကြူမိသားစု ဂျုံစက်ရုံလုပ်ငန်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဌေးဦးက ငွေကျပ် ၃၂၄ သိန်းကို ပေးအပ်လှူဒါန်းရာ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ ဒလမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၂၁) အခြေခံပညာ မူလတန်းကျောင်းများ၌ ကျောင်းဆောင်သစ် တစ်ဆောင်စီ ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် ၃၂၄ သိန်းကို ဦးကြူမိသားစု ဂျုံစက်ရုံလုပ်ငန်း ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးဌေးဦး ပေးအပ်လှူဒါန်းစဉ်။

(ပညာရေး)

တရားမဆိုင်ရာ အထူးအယူခံမှုလေးမှု စီရင်ချက်ချမှတ်

နေပြည်တော် စက်တင်ဘာ ၆

တရားရုံးချုပ်(နေပြည်တော်)ဒုတိယ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် စက်တင်ဘာ ၅ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမဆိုင်ရာ အထူးအယူခံမှုလေးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုခြောက်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၃၀ ၄။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ရင်နှင့်ရင်း၍**
၁၃း၅၀ ၅။ အမျိုးသားရေးတေးကဗျာ
၁၃း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
၁၄း၀၀ ၇။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၃၀ ၆။ အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေး တေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သံယောဇဉ်နှောင်ကြိုး (အပိုင်း-၄)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၃)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ကျေးရွာတိုင်းတွင် ရေရှည်တည်တံ့သည့် စာကြည့်တိုက်များ ထူထောင်ရေး အမျိုးသားရေးတာဝန်ဖြစ်၍ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းအကောင်အထည်ဖော်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုး စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာ စကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ရက် မွန်းလွဲ ၁နာရီခွဲတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်များမှဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံလုပ်ငန်းရှင်ကြီးများ၊ တက္ကသိုလ် ဆရာ၊ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးက အမှာစကား ပြောကြားရာတွင် စာအုပ်စာပေကို လေ့လာဖတ်ရှုခြင်း၊ စာပေကို ချစ်မြတ်နိုးစိတ်ရှိခြင်းတို့ဖြင့်အတွေးအခေါ် အသိအမြင်၊ ဗဟုသုတများ တိုးတက်ကြွယ်ဝပြီး လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တည်ထောင်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲအောင် မိမိအနေဖြင့် အစဉ်အလေးထားစီမံပံ့ပိုး ဆောင်ရွက်နေသကဲ့သို့ ဒေသခံပြည်သူများ အပါအဝင် စေတနာရှင်၊ အလှူရှင်များကလည်း ဆက်လက်ပူးပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် ဒေသအာဏာပိုင်များ၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၏အား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား ဟူသည့်အား (၄)အားဖြင့် ဝိုင်းဝန်း ဆောင်ရွက် ပေးကြရန်ဖြစ်ကြောင်း၊ ကျေးရွာတိုင်းတွင် ရေရှည်တည်တံ့ ခိုင်မာသည့် စာကြည့်တိုက်များ ထူထောင်နိုင်ရေးသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်၍ ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးတင်သန်းဝင်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တိုင်းအဆင့်နှင့် ခရိုင်အဆင့်များဖွဲ့စည်းထားမှုများကို ဖတ်ကြားရှင်းလင်းတင်ပြပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကျောင်းဆောင်သစ် တည်ဆောက်ရန် ငွေလှူဒါန်း အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန် စက်တင်ဘာ ၆

မွန်ပြည်နယ် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ဆက်သွယ်ကျေးရွာဟောင်းရှိ အခြေခံပညာ မူလတန်း ကျောင်းဝင်း၌ ကျောင်းဆောင်သစ် တည်ဆောက်ရန် ငွေလှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက်တွင် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ အလှူရှင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင် ဦးကျော်ကျော်လှိုင် - ဒေါ်မို့မို့ထွေး (မုဒုံမြို့ တိုင်စင်းအနာဂတ်ပျိုးခင်းမိသားစု) တို့က ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က လက်ခံသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းဆောင်သစ် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာ မြင့်ဦးနှင့် ခေတ္တမြို့နယ် ပညာရေးမှူး ဒေါ်အက်စ်တာခင်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့အပြင် အလှူရှင်က မုဒုံမြို့နယ် ကျောင်းကျန်းမာရေးလုပ်ငန်း ပညာပေးပိုစတာများနှင့် ကျောင်းပတ်ဝန်းကျင် ကျန်းမာရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ငွေကျပ် သိန်း ၂၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးကလက်ခံကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေး ပညာရည်ချွန်ဆုပေးပွဲနှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း တတိယလေးနှစ်သက်တမ်း ဒုတိယနှစ်ပတ်လည် အစည်းအဝေးကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၃ရက်(စနေနေ့) နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနရုပ်ရှင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်းအပြင် သမိုင်းပညာရှင် ဒေါက်တာတိုးလှက "ပုဂံခေတ်ကျောက်စာပါ ပိဋကတ်တိုက်များ"စာတမ်းနှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ဒေါ်စုစုက "မင်းတုန်းမင်း၏ နန်းတွင်းပုံနှိပ်စက်မှ ပုံနှိပ်ခဲ့သော စာအုပ်များ"စာတမ်းတို့ကို ဖတ်ကြားမည်ဖြစ်သည်။အစည်းအဝေးတက်ရောက်နိုင်ရေးအတွက် အသင်းဝင်များထံ ဖိတ်စာများပေးပို့ထားကြောင်းနှင့် ဖိတ်စာအချိန်မီ မရောက်ရှိပါကလည်း မပျက်မကွက်တက်ရောက်နိုင်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စမတ်ဖုန်းနှင့် အိုင်ဖုန်းဈေးကွက် ယှဉ်ပြိုင်ထုတ်လုပ်

လန်ဒန် စက်တင်ဘာ ၆

ကမ္ဘာ့မိုဘိုင်းလ်ဖုန်း ဈေးကွက်သည် စမတ်ဖုန်း (Smartphone)များ အပြိုင်အဆိုင် ထုတ်လုပ်လာကြသဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုမှာ ကြီးထွားလာသည်။

အဲလ်ပဲကုမ္ပဏီက iphone 3G ဖြင့် တစ်ကမ္ဘာလုံးရောင်းချခြင်းဖြင့် ဈေးကွက်အသာစီးရရန် ကြိုးစားနေချိန်တွင် နိုကီယာကုမ္ပဏီကဲ့သို့သော ကုမ္ပဏီများက စမတ်ဖုန်းများ အပြိုင်ထုတ်လာသည်။ ယင်းတို့အနက်မှ လန်ဒန်အခြေစိုက် ဆန်ဘီယန် စမတ်ဖုန်းထုတ်လုပ်ရေးကုမ္ပဏီက ယခုနှစ် ဒုတိယ သုံးလအတွင်း စမတ်ဖုန်း အလုံးပေါင်း ၁၉ဒသမ ၆သန်းတင်ပို့ရောင်းချခဲ့သည်ဟုဆိုသည်။ ယင်းကုမ္ပဏီသည် စမတ်ဖုန်း အမျိုးအစားပေါင်း ၁၅၀ကျော် ထုတ်လုပ်ထားပြီး ဈေးကွက်တွင် ဦးဆောင်နေသည်။ နောက်ထပ်လည်း စမတ်ဖုန်း အမျိုးအစားပေါင်း ၉၂မျိုးထပ်မံထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

ထိုအတောအတွင်း အဲလ်ပဲ ကုမ္ပဏီက iphone 3Gဖုန်းများဈေးကွက်သို့တစ်ပတ်လျှင် အလုံး ၈၀၀၀၀၀တင်ပို့ရောင်းချနေလျက်ရှိသည်။ ၎င်းကုမ္ပဏီသည် ၂၀၀၇ခုနှစ် ဇူလိုင်လမှစပြီး အိုင်ဖုန်း (iphone) ပထမမျိုးဆက်သစ်ကို အလုံးပေါင်းခြောက်သန်းကျော် အထိရောင်းချခဲ့ရသည် ဟုဆိုသည်။

ဆန်ဘီယန် ကုမ္ပဏီသည် ၁၀နှစ်တာအတွင်း အတိုင်းမသိအောင်မြင်မှုရရှိခဲ့ကြောင်း၊ ဝယ်ယူအားပေးမှုများပြားလာသည်နှင့် အမျှ ရင်းနှီးမြှုပ်နှံမှုမှာလည်း များပြားလာကြောင်း၊ စမတ်ဖုန်း ဈေးကွက်ကို ဆက်လက်ဦးဆောင်သွားနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဆန်ဘီယန် ကုမ္ပဏီ အမှုဆောင် အရာရှိချုပ် နီဂေးလ်ကလစ်ဖို့ဒ်ကပြောကြားသည်။

စမတ်ဖုန်းများသည် အိုင်ဖုန်းသရီးဂျီကဲ့သို့ စွယ်စုံသုံးမီဒီယာပစ္စည်းဖြစ်လာသဖြင့် ကမ္ဘာ့မိုဘိုင်းလ်ဖုန်းဈေးကွက်ကို အောင်မြင်စွာထိုးဖောက်လျက်ရှိသည်။ နှစ်စဉ် စမတ်ဖုန်းသုံးစွဲသူဦးရေမှာ ကမ္ဘာတစ်ဝန်း ၄၀ ရာခိုင်နှုန်း အထိတိုးတက်လာသည်ဟုဆိုသည်။ ***အင်တာနက်။***

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၀၈ (တနင်္ဂနွေနေ့)

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ တေးဂီတအစီအစဉ်
၈း၀၀ ၆။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) (ဝါသနာရှင်ဒုတိယတန်း) အဆင့် (အမျိုးသား)
၈း၃၀ ၇။ International News.
၈း၄၀ ၈။ Islands of Dhamma.
၈း၄၅ ၉။ ဘဒ္ဒန္တတေဇဝန္တ(အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပုဗ္ဗာရုံကျောင်းတိုက်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်)ထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ အစီအစဉ်အဖွင့်
၁၁း၁၅ ၂။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၁၁း၃၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁း၄၅ ၄။ ထက်မြက် ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၁၀ ၅။ နိုင်ငံခြား ဇာတ်လမ်းတွဲ "မေမေ့မေတ္တာကုဋေကုဋာ" (အပိုင်း-၂)
၁း၀၀ ၆။ **မြန်မာရုပ်ရှင် "ဘယ်သူပြိုင်လို့ လှပါတော့နိုင်" (ဇော်ဝမ်း၊ ဝင်းလှိုင်၊ အံ့ကျော်၊ တင်တင်ညို၊တင်တင်လှ) (ဒါရိုက်တာ-ဦးသုခ)**
၂း၄၅ ၇။ International News.
၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ အစီအစဉ်အဖွင့်
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၅။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာ ဦးစီးဌာန၊ တတိယအကြိမ်မြောက် မွေ့စကြာဝတ်ရွတ် ပူဇော်ပွဲ (ပထမဆု) (အထက-၁၊တောင်ဥက္ကလာပ) (အမျိုးသမီး ဝတ်ရွတ်အဖွဲ့)
၅း၀၅ ၆။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (ဝါသနာရှင် ဒုတိယတန်းအဆင့်) (အမျိုးသမီး)
၅း၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ **" စပါးကရွှေ ငါးကငွေ" (ညီဂျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး) (ဒါရိုက်တာ-ခိုင်)**
၆း၅၀ ၁၁။ အထူးအထွက်ကောင်းစပါးတို့အားထား မြန်ပြည်အနှံ့ စိုက်ပျိုးသွား
၇း၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်' (အပိုင်း-၂၉)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၂)**
၁၇။ မင်းကွန်းဆရာတော်၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
၁၈။ အစီအစဉ်ပြီး၏။

*** နိုင်ငံတော်အစိုးရမှ**

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတကာအခြေအနေကို ကြည့်ပါက မိမိနိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားဥစ္စာဓနအင်အား၊ နည်းပညာစွမ်းအားတို့ကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်မှသာ နိုင်ငံတကာ့အလယ်၌ မိမိနိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားကို တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်မည့် အခြေအနေများဖြစ်ပေါ်သည်ကို အားလုံးအသိအမြင်ပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာတစ်လွှားတွင် အင်အားကြီးနိုင်ငံများအချင်းချင်း နိုင်ငံရေး၊ စီးပွားရေးဘက်ပြိုင်မှုများနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းလုပ်ဆောင်နေမှုများသည် မိမိနိုင်ငံ၏ အကျိုးစီးပွားဖော်ဆောင်နိုင်ရန်အတွက် မိမိတို့၏ ဩဇာခံနိုင်ငံများကို ရှေ့တန်းတင် အသုံးချနေကြသည့်အပြင် မိမိတို့ အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်မှုလုပ်ရပ်များ၊ မိမိနိုင်ငံ၏ကာကွယ်ရေးစွမ်းအား ချဲ့ထွင်တည်ဆောက်မှုများကိုလည်းအခြားနိုင်ငံများ၏ ပိုင်နက်နယ်မြေများအထိ တိုးချဲ့လုပ်ဆောင်လာကြသည့်အတွက် နိုင်ငံအများအပြားတွင် ပြည်တွင်းရေး မတည်ငြိမ်မှုများ၊ လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားနေသည်ကို တွေ့မြင်နေရကြောင်း။

ယင်းနိုင်ငံကြီးအချို့သည် ၎င်းတို့၏ အမျိုးသားရေး အကျိုးစီးပွားစောင့်ရှောက်မှု၌မဟာဗျူဟာကျသည့်နိုင်ငံများအပေါ် နိုင်ငံရေးအရ လွှမ်းမိုးအသုံးချနိုင်စေရန်အတွက် စီးပွားရေး၊ သံတမန်ရေးရာ ခွဲခြားဆက်ဆံမှုများ၊ ဖိအားပေးအကျပ်ကိုင်မှုများကိုလည်း တစ်ဖက်သတ်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုအခြေအနေ အချိန်အခါမျိုး၌ တိုင်းတစ်ပါး၏ ဩဇာခံ အခြယ်လှယ်ခံဘဝက လွတ်ကင်းစေရေးအတွက် နိုင်ငံကြီးများ၏ ခွဲခြားဆက်ဆံမှု၊ ဖိအားပေး အကျပ်ကိုင်မှုများကို ကြံ့ကြံ့ခိုင် တွန်းလှန်နိုင်မည့် မိမိပြည်သူများ၏ အမျိုးသားရေးစွမ်းအားကို ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ထားနိုင်ရန် အလွန်ပင်အရေးကြီးကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်ထိုအမျိုးသားရေးစွမ်းအားကို တည်ဆောက်နိုင်စေရန် ရည်မှန်းပြီး ဆယ်စုနှစ် နှစ်စုနီးပါး အချိန်ကာလအတွင်း တစ်နေ့တစ်ရက်မျှ ရပ်နားမနေဘဲ နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရှင်သန်ဖွံ့ဖြိုးရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတို့အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကာလများအတွင်း အကျပ်အတည်း အခက်အခဲအမျိုးမျိုးကြားမှ မိမိတို့မျှော်မှန်းသည့် အမျိုးသားရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်သည်အထိ အဘက်ဘက်၌ ရင်းနှီးမြှုပ်နှံပြီး မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းလည်း ဖြစ်ကြောင်း။

အမျိုးသားရေးအကျိုးစီးပွားသက်သက်ကိုသာ ရှေးရှု၍ ဦးလည်မသုန် တစ်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများရရှိလာမှုနှင့်အတူ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာပြီး နိုင်ငံ၏နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားများလည်း ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အမျိုးသားစီးပွားရေးကဏ္ဍတွင်လည်း တိုင်းရင်းသားစီးပွားရေးလုပ်ငန်းကြီးများပေါ်ပေါက်လာပြီး နိုင်ငံ၏ဓနအင်အား တောင့်တင်းခိုင်မာလာသကဲ့သို့ နိုင်ငံသူနိုင်ငံသားပြည်သူအားလုံး၏ တစ်ဦးချင်းဝင်ငွေတိုးပွားလာမှု၊ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာမှု၊ ကျန်းမာကြံ့ခိုင် ပညာရည်မြင့်မားမှု အခြေခံကောင်းများ ယနေ့ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သော အမျိုးသားပညာရည် အဆင့်အတန်းကို နိုင်ငံတကာနှင့်ယှဉ်တွဲမြှင့်တင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အတွက် ယခုအခါတွင် နိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်မွေးထုတ်ပေးရေး၊ ဒေသအလိုက်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေး၊ နိုင်ငံသူနိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ရေး၊ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သောပညာရပ်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများ တည်ဆောက်ပေးနိုင်ရေးအပိုင်းကဏ္ဍများအားလုံးသည်လည်း ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံအတွင်း နယ်မြေဒေသအစိတ်အပိုင်းအားလုံး၌ ပညာသင်ယူနိုင်မှုအခွင့်အလမ်းနှင့် ပညာအရည်အသွေးအဆင့်အတန်း မျှမျှတတဖြစ်ထွန်းလာစေရအောင် ရည်မှန်းချက်ဖြင့် တည်ဆောက်ပေးခဲ့သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အီလက်ထရွန်းနစ်ဆက်သွယ်ရေး ကွန်ရက်စနစ်များအပါအဝင် ပညာရေးအခြေခံကောင်းများသည်လည်း တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယနေ့ရရှိဖြစ်ထွန်းနေသည့် အောင်မြင်ဖြစ်ထွန်းမှုများသည် နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့်လူမျိုးရှင်သန်ဖွံ့ဖြိုးရေး၌ ပညာရေး၏စွမ်းအားကိုမြှင့်တင် အသုံးချနိုင်စေရန် မျှော်မှန်းချမှတ်ဆောင်ရွက်နေသော ပညာရေးမူဝါဒများ၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ၊ လုပ်ငန်းစဉ်များ၏ မှန်ကန်ပြည့်စုံမှုကြောင့်သာမက နိုင်ငံတော်အစိုးရနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ စီမံခန့်ခွဲမှုယန္တရား ကောင်းမွန်ခိုင်ခံ့မှု၊ ဆရာဆရာမများအပါအဝင် ပညာရေးဆိုင်ရာ စီမံခန့်ခွဲသူများ၊ ပညာရှင်များ၏ ပညာရပ်ဆိုင်ရာ၊ နည်းစနစ်ဆိုင်ရာ စွမ်းဆောင်ရည် ပြည့်ဝမှုနှင့်ကျောင်းသား၊ကျောင်းသူများ၊ မိဘပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၏စုစည်းညီညွတ်စွာလက်တွဲပေါင်းစည်းဆောင်ရွက်မှု အကျိုးတရားအားလုံးက ပေါင်းစည်းဖြစ်ထွန်းလာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်၏အခြေအနေသည် နိုင်ငံတော်သစ်သို့ ကူးပြောင်းရေးအတွက် ရည်မှန်းတည်ဆောက်လာခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းဖြစ်တည်လာပြီဖြစ်သည့်အတွက် ထိုအခြေခံကောင်းများအပေါ်တွင် ပြည်သူအများ လိုလားတောင့်တကြသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို စတင်အစပျိုးထူထောင်နေသည့်အချိန်အခါကို ရောက်ရှိလာပြီ ဖြစ်ကြောင်း။

မျှော်မှန်းတည်ဆောက်နေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အကောင်အထည်ပေါ် ဖြစ်ထွန်းလာရန်နှင့် အရှည်တည်တံ့ ခိုင်မြဲစေရအောင် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်စေရန်ဆိုရာ၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၊ အမျိုးသားစီးပွားရေးအင်အားခိုင်မာတောင့်တင်းမှုနှင့် ပြည်သူများ၏ ပညာရည်မြင့်မားလာမှု အခြေခံကောင်းများ စွဲစွဲမြဲမြဲ ဖြစ်တည်နေရန် အဓိကလိုအပ်ကြောင်း။

ထိုအခြေခံကောင်းအားလုံး ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းနေစေရေးတွင် ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ နည်းပညာ၊ အသိပညာ၊ အတတ်ပညာစွမ်းအားပြည့်စုံမှုတို့သည် ပင်မ မဏ္ဍိုင်သဖွယ် ဖြစ်နေသည့်အတွက် နိုင်ငံတော်အစိုးရ၏ အမျိုးသားပညာရည် မြင့်မားရေးအစီအမံများ၊ ရည်မှန်းချက်များအတိုင်း အောင်မြင်ဖြစ်ထွန်းစေရအောင် ဆရာ ဆရာမအားလုံးက ကြိုးပမ်းဆောင်ရွက်ပေးရင်းနိုင်ငံတော်အတွက်အဓိကလိုအပ်နေသော အမျိုးသားရေးစွမ်းအားကို တည်ဆောက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က သင်တန်းသားစံပြဆုရ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ထရနာ)မှ အလယ်တန်းပြဆရာ ကသအမှတ် (F- ၅၅)ဦးကျော်ကျော်မျိုး၊သင်တန်းသူစံပြဆုရ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)အခြေခံညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ကသအမှတ် (C- ၂၈)ဒေါ်ခင်မမချို၊ သင်တန်းသားဖွဲ့လုံ့လဆုရ ရန်ကုန်တိုင်းသာကေတမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ်ကသအမှတ် (F- ၈၉)ဦးထွန်းမြင့်၊ သင်တန်းသူဖွဲ့လုံ့လဆု(၁)ရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ကသအမှတ် (C- ၃၀)ဒေါ်တင်တင်ဝေနှင့် သင်တန်းသူဖွဲ့လုံ့လဆု(၂)ရ ပဲခူးတိုင်း ပြည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဝက်ထီးကန်)မှ အထက်တန်းပြဆရာမ ကသအမှတ် (E- ၂၀)ဒေါ်အေးအေးစန်းတို့အား လည်းကောင်း၊ စံပြအဆောင်ဆုရရှိကြသော အမျိုးသားတပ်ခွဲ(၅)အဆောင်(၂)နှင့် အမျိုးသမီးတပ်ခွဲ(၄)တိုးချဲ့အဆောင်(၁)တို့မှ သင်တန်းသား ၃၀နှင့် သင်တန်းသူ၂၅ဦးတို့ကိုယ်စား တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်များအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်များအား သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ စုစုပေါင်း ၁၅၀၂ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌဒုတိယဝန်ကြီးဦးကျော်သူ၊ အာဆီယံအတွင်းရေးမှူးချုပ်ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့်အဖွဲ့ဝင်များ ကွမ်းခြံကုန်းမြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့ရှိ မုန်တိုင်းသင့်ကျေးရွာများသို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၆

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဝင်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow Parajulli၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh M.Shrestha နှင့် အာဆီယံနိုင်ငံများမှ သတင်းနှင့်ပြန်ကြားရေးအဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်ဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာနှင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် တိုးကျေးရွာတို့သို့ သွားရောက်၍ မုန်တိုင်းသင့် ကျေးလက်ဒေသများ ဆောလျင်စွာ ပြန်လည်ထူထောင်တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အပံ့ပြုရေး လုပ်ငန်းများ (Community Based Early Recovery Programme) အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ဦးဆောင်သောအဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာသို့ အခြေခံပညာမူလတန်းကျောင်း ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုလေ့လာကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားကြသည်။

ဆက်လက်၍ ဆိပ်ကြီးကျေးရွာအတွင်း ကွမ်းစိုက်ပျိုးမှုလုပ်ငန်းကိုလည်းကောင်း၊ ဆိပ်ကြီးကျေးရွာအတွင်း သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က တည်ဆောက်ပေးထားသောရေတွင်းများကိုလည်းကောင်း ကြည့်ရှုလေ့လာကြပြီး သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ ဦးဆောင်သော အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်သောလှေသစ် ၂၈စင်းအနက် နှစ်စင်းကို ဆိပ်ကြီးချောင်းအတွင်းသို့ ရေချပေးသောအခမ်းအနားသို့ တက်ရောက်ကြကာ လှေများကို ရေချပေးကြသည်။

ယင်းနောက် ဆိပ်ကြီးကျေးရွာရှိ လေဘေးသင့်ရေလုပ်သားများအတွက် လှေများ တည်ဆောက်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့သည် ဆိပ်ကြီးကျေးရွာ လေဘေးသင့်ကျေးလက်ပြည်သူများအား တွေ့ဆုံကြကာ မုန်တိုင်းကြောင့် ပျက်စီးခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ဆက်လက်ကူညီပံ့ပိုးပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး တော်ခရမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာတို့မှ ရပ်မိရပ်ဖများထံ Nippon Foundation မှ Executive Director, Mr. Suichi Ohno က လူနေအိမ်များ ပြန်လည် တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ၆၀၀၀၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က အဝတ်အထည်များနှင့် ပျက်စီးသွားသော အဆောက်အအုံများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သတင်းနှင့်

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့်အဖွဲ့ဝင်များ ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာတွင် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သောလှေများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေး အဖွဲ့ဝင်များသည် တော်ခရမ်းကျေးရွာအုပ်စုမှ လေဘေးသင့်ကျေးလက်ပြည်သူများအား ပြန်လည်ထူထောင် တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အပံ့ပြုရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလှည့်လည်ကြည့်ရှုလေ့လာကြပြီး လေဘေးသင့်ကျေးလက်ပြည်သူများအား သိရှိလိုသည်များကို တွေ့ဆုံမေးမြန်းကြသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ၊အာဆီယံနိုင်ငံများမှသတင်းနှင့် ပြန်ကြားရေး အဖွဲ့ဝင်များသည် ဒေးဒရဲမြို့နယ် တိုးကျေးရွာသို့ မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး နိုင်ငံတော်အစိုးရနှင့်လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် လေဘေးသင့်ပြည်သူများအား စနစ်တကျ ပြန်လည်ထူထောင်တည်ဆောက်ပေးထားသော ကျေးရွာသစ်နှင့် လူနေအိမ်များ၊ အသက်မွေးဝမ်းကျောင်း အထောက်အပံ့ပြု ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ၊ ကုန်စုံဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ကျေးလက်ပြည်သူများအား သိရှိလိုသည်များကို မေးမြန်းကြပြီး ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြရာ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၃၅)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၃၅)တွင် "အသားစားမလား၊ ငါးစားမလား" ရန်ကုန်မြို့တွင်း ပလက်ဖောင်းဈေးများအကြောင်း တစေ့တစောင်း အထူးသတင်းဆောင်းပါးနှင့်အတူ ကိုကို(စက်မှုတက္ကသိုလ်)၏"ခြိမ်းခြောက်ခြင်းနှင့်စိန်ခေါ်ခြင်း"အယ်ဒီတာ့ဒိုင်ယာရီ၊ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတိုးချဲ့လိုက ငွေချေးယူနိုင်၊ မြေလျှင်လှုပ်ရှားမှုကို အတိအကျမခန့်မှန်းနိုင်သော်လည်း ဖြစ်နိုင်ချေအလားအလာများကို ကြိုတင်ခန့်မှန်းနိုင်ပြီ၊ ခရီးသည်တင်ယာဉ်များ ရောက်မောင်းစနစ်ကို မဟာဗန္ဓုလလမ်းပေါ်တွင် အတည်ပြု ဆောင်ရွက်၊ မြန်မာ့ကြက်၊ဘဲများတင်ပို့ရန် ဆော်ဒီကမ်းလှမ်း၊ စင်ကာပူမှလျှပ်စစ်အင်ဂျင်နီယာဘွဲ့ရထားသူများဩစတြေးလျတွင် ၁၈ လနေထိုင်ခွင့်ဗီဇာလျှောက်ထား အလုပ်လုပ်နိုင်၊ ပန်းသီးစေ့မှ အစာအဆိပ်သင့်မှု ဖြစ်စေနိုင်သဖြင့် ကလေးငယ်များမစားမိစေရန် သတိပြုသင့်၊ FEC တန်ဖိုးမြင့်၍ ပို့ကုန်လုပ်ငန်းရှင်များ ဝင်ငွေတိုး၊ အသက် ၆၀ကျော်နှင့် နာမကျန်းသူများ နိုင်ငံရပ်ခြားသွားရောက်ဆေးဝါးကုသလိုက နိုင်ငံကူးလက်မှတ် အိမ်တိုင်ရာရောက် ပြုလုပ်ပေးစသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'တစ်ပတ်ထဲမှာပြောစရာ (Quotes of the Week) 'ကဏ္ဍ၊ ရုံးပတီသီး၏ ကိုယ်ရေးမှတ်တမ်း လူမှုဘဝရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ စင်ကာပူတွင် သတင်းစာကိုသင်ထောက်ကူအဖြစ်အသုံးပြုမည်။ ၁၁လသားကလေးငယ် ရှစ်နှစ်သားအရွယ်ကိုယ်အလေးချိန်ဖြစ်နေ၊ အံ့ဖွယ်သရဲလေးဘီလီသားအိမ်အပြင်တွင် သန္ဓေတည်မွေးဖွား၊လူသားထံမှ ကျင့်ဝတ်ခွေးများလေ့လာသင်ယူလာ၊ စာစီအမှားကြောင့် ဝန်ထမ်းတစ်ဦး ဆုကြေးငွေ ဒေါ်လာ ရှစ်သိန်းကျော်ရမည့်ကိစ္စကြုံ၊ လူငယ်တစ်ဦး အမှိုက်ပုံထဲမှ ပစ္စည်းများဖြင့် လေအားတာဘိုင်စက် ဖန်တီးပြနိုင်ခဲ့ စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။(သတင်းစဉ်)

၂၀၀၈ ခုနှစ် (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် ခေတ်အကြိုက်တေးသီချင်းများ

ယမန်နေ့မှအဆက်

ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)

၁။ ချစ်ခြင်းတရားနဲ့ ပြည်ထောင်စု	အကျိုးပြုတေး	ခင်မောင်ထူး
၂။ စည်းလုံးခြင်းအတွက် တေးတစ်ပုဒ်	အကျိုးပြုတေး	ဇော်ဝင်းထွဋ်
၃။ အဖေနှင့်သားများ	အကျိုးပြုတေး	ချစ်ကောင်း
၄။ ဇာတိမာန်	အကျိုးပြုတေး	ရဲဘော်ခင်မောင်လှ
၅။ ငွေဇင်ယော်	ခေတ်ပေါ်စတီရီယိုတေး	မြို့မဘစိန်
၆။ ပန်းတွေနဲ့ဝေ	ခေတ်ပေါ်စတီရီယိုတေး	စန္ဒရားလှထွတ်
၇။ တိမ်လွှာမို့မို့လွင်	ခေတ်ပေါ်စတီရီယိုတေး	ဝင်းဦး

ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသမီး)

၁။ လရောင်ဆမ်းမှ လန်းသောပန်း	အကျိုးပြုတေး	ဆုန်သင်းပါရ်
၂။ အမြင့်အတိုင်း	အကျိုးပြုတေး	ပိုးအိစံ
၃။ ထာဝရငြိမ်းချမ်းရေး	အကျိုးပြုတေး	မေဆွိ
၄။ မဲဇာမြိုင်	ခေတ်ပေါ်စတီရီယိုတေး	မေရှင်
၅။ ရွှေပင်လယ်	ခေတ်ပေါ်စတီရီယိုတေး	နွဲ့ယဉ်ဝင်း
၆။ တစိမ့်စိမ့်ရင်ထဲမှာ	ခေတ်ပေါ်စတီရီယိုတေး	ကော်နီ
၇။ လွမ်းငွေ့ဝေဝေ	ခေတ်ပေါ်စတီရီယိုတေး	ဖြူသီ

အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

၁။ မဟာ	အကျိုးပြုတေး	ဇော်ဝင်းထွဋ်
၂။ ဥမကွဲသိုက်မပျက်	အကျိုးပြုတေး	ကိုင်ဇာ
၃။ သဘာဝရဲ့ရင်သွေးငယ်	ခေတ်ပေါ်စတီရီယိုတေး	စိုင်းထီးဆိုင်
၄။ ပန်းချစ်သူ	ခေတ်ပေါ်စတီရီယိုတေး	ခင်မောင်တိုး

အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

၁။ မြန်မာပြည်ကိုလာပါ	အကျိုးပြုတေး	အဖွဲ့
၂။ ဒို့မွေးမြေ (လွတ်လပ်ရေးအမွေ)	အကျိုးပြုတေး	မေဆွိ
၃။ ပန်းတိုင်းပွင့်ပြီ	အကျိုးပြုတေး	ယုဇန
၄။ လာချင်ရင်အနီးကလေး	ရေဒီယို/စတီရီယိုတေး	L ဆိုင်းဇီ

အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)အဆင့်(အမျိုးသား)

၁။ ငြိမ်းချမ်းရေးပန်းခင်း	အကျိုးပြုတေး	ခိုင်ထူး
၂။ မြန်မာ့စိတ်ဓာတ်	အကျိုးပြုတေး	ရဲဘော်နိုင်ဝင်း
၃။ ရာဇဝင်ထဲကမြန်မာ	အကျိုးပြုတေး	ကိုင်ဇာ
၄။ အလှသစ္စာ	ခေတ်ပေါ်စတီရီယိုတေး	ဝင်းဦး

အခြေခံပညာအသက်(၁၅-နှစ်ပြည့်မှ ၂၀နှစ်အတွင်း)အဆင့် (အမျိုးသမီး)

၁။ အဓိဋ္ဌာန်ခိုင်ခိုင်မာမာ	အကျိုးပြုတေး	စိမ်းမို့မို့
၂။ အတွယ်အတာ	ခေတ်ပေါ်စတီရီယိုတေး	ချိုပြုံး
၃။ အလွမ်းပန်းချီထဲက အတွေးအိမ်ကလေး	ခေတ်ပေါ်စတီရီယိုတေး	တိုးတိုးလွင်
၄။ လယ်တောသူ	ခေတ်ပေါ်စတီရီယိုတေး	ကြည်ကြည်ဝင်း

စောင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်

(က)	ပုံပမာ	(ကြိုး)
(ခ)	ဘုန်းများများမင်း	(ပတ်ပျိုး)
(ဂ)	ထောင်ရောင်နေကသာ	(သီချင်းခံ)
(ဃ)	ပန်းမြိုင်လယ်	(ယိုးဒယား)
(င)	တောတောင်စွယ်	(ယိုးဒယား)
(စ)	သောင်းကျေးဒီပါဝွေ	(မွန်)
(ဆ)	အမွှန်မာန်ဟုန်	(ပတ်ပျိုး)
(ဇ)	ဖြေနိုင်ပေါင်	(ပတ်ပျိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(က)	တောင်ဇမ္ဗူပိုင်	(ယိုးဒယား)
(ခ)	ဥကင်ဘုံမြင့်	(ဘွဲ့)
(ဂ)	မဲဇာတောင်ခြေ	(ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	လွမ်းဘွယ့်စေ	(ပတ်ပျိုး)
(ခ)	ဆန်းနွေဦး	(ယိုးဒယား)
(ဂ)	ဝေဇယန်နှင့်နှုန်းပြား	(ကြိုး)

၄။ အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်

(က)	မြိုင်ယံရွှေလှုံ	(ပတ်ပျိုး)
(ခ)	မြရည်နန္ဒာ	(ဘွဲ့)
(ဂ)	ရှုတိုင်းသာစွ	(ဘွဲ့)

၅။ အခြေခံပညာအသက်(၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

(က)	မြသို့ငယ်စိမ်းနု	(ဘွဲ့)
(ခ)	သီလာမြေယံ	(ကြိုး)
(ဂ)	ရွှေပဇ္ဇုန်	(ယိုးဒယား)

၆။ အခြေခံပညာအသက်(၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)အဆင့်

(က)	သီဒါသီဒါမြသား	(ကြိုး)
(ခ)	သာယာသာယာ	(ကြိုး)
(ဂ)	ဝေဘာဂီရိ	(ကြိုး)

စန္ဒရားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်

(က)	မန်းတောင်လက်ယာ	(ယိုးဒယား)
(ခ)	ဇမ္ဗူကျွန်းလုံး	(သီချင်းခံ)
(ဂ)	ယသော်ဓရာ	(ယိုးဒယား)
(ဃ)	ရဝိန်ဒေါင်းယာဉ်ပျံ	(ပတ်ပျိုး)
(င)	စိန်ကြယ်ညီးလင်း	(မွန်)
(စ)	ကောင်းချီးသဓိ	(မွန်)
(ဆ)	သာတင့်ဆုံး	(ယိုးဒယား)
(ဇ)	သာဆန်းရဂုံဗွေ	(ပတ်ပျိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်

(က)	ခါနွေဆန်း	(ယိုးဒယား)
(ခ)	စိန်ကြောင်နီလာ	(ပတ်ပျိုး)
(ဂ)	မိဘမေတ္တာ	(ကာလပေါ်) (ဒေါ်ကြည်အောင်)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	စစ်ကိုင်းဧရာဝတီ	(ကာလပေါ်) (အေဝမ်းတင်တင်လှ)
(ခ)	ဂန္ဓမာတောင်	(ဘွဲ့)
(ဂ)	မဲဇာတောင်ခြေ	(ပတ်ပျိုး)

၄။ အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်

(က)	ပန်းဟေဝန်	(ယိုးဒယား)
(ခ)	အလှထိပ်ခေါင်တင်	(ကာလပေါ်) (မောင်သောင်း)
(ဂ)	ညဥ့်သုံးယံခါ	(ပတ်ပျိုး)

၅။ အခြေခံပညာအသက်(၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

(က)	ဇမ္ဗူရောင်ကွန့်	(ဘွဲ့)
(ခ)	တောဟေဝန်လယ်	(ယိုးဒယား)
(ဂ)	ချစ်စရာပန်း	(ကာလပေါ်)(တင်တင်မြ)

၆။ အခြေခံပညာအသက်(၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)အဆင့်

(က)	ဘုံဆောင်မြင့်	(ကြိုး)
(ခ)	စိမ်းလဲ့လဲ့ညိုပြာ	(ကြိုး)
(ဂ)	မေတ္တာရွှေရည်	(ကာလပေါ်)(တင်တင်အောင်)

(ဆက်လက်ဖော်ပြပါမည်)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

ပုလဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးလုပ်ငန်း ပုလဲ- ပခုက္ကူကားလမ်း မြို့ဝင်ဆိုင်းဘုတ်ပြုလုပ်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖြိုးမင်းဝင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းစီမံကိန်း ကနဦးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် "မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းစီမံကိန်း ကနဦးအလုပ်ရုံဆွေးနွေးပွဲ" (Inception Workshop on Improvement of Prevention, Control and Eradication of HPAI in Myanmar-OSRO/MYA/801/WB) ကို စက်တင်ဘာ ၄ ရက်နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာFAOမြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr.Shin Imai၊ ကမ္ဘာ့ဘဏ်အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုယူနစ်မှ Lead Operations Officer Mr. StevenNavonSchonberger၊FAO အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ Deputy Regional Representative Mr. Hiroyuki Konuma၊ ထိုင်းနိုင်ငံဆိုင်ရာဥရောပကော်မရှင်အဖွဲ့မှ Attache' Programm Office, Mr. Filip De Loof နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့် **(အပေါ်ပုံ)** တို့က အမှာစကားပြောကြားသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင်ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဌာနချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံးမှ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာအကြီးတန်းအရာရှိများ၊ အလှူရှင်အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ဥရောပကော်မရှင်(EU)၊ USAID တို့မှ ကိုယ်စားလှယ်များ၊ အိန္ဒိယနိုင်ငံ Department of Animal Husbandry and Dairying and Fisheries မှ Commissioner Dr.S.K. Bandyopadhyay WHO နှင့် UNICEF မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊မွေးမြူရေး၊အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ CARE Myanmar တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာကျော်ဆန်းကမြန်မာနိုင်ငံတွင်ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် FAO အာရှဒေသ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစီမံကိန်းမှဒေသဆိုင်ရာညှိနှိုင်းရေးမှူး Dr.Wantanee Kalpravidhကမြန်မာနိုင်ငံတွင်ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်အမြစ်ပြတ်ချေမှုန်းရေးမြှင့်တင်မှုလုပ်ငန်းစီမံကိန်းအရ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းကြီးကြပ်မှုကော်မတီ (Project Steering Committee)နှင့်ပညာရပ်ဆိုင်ရာအလုပ်အဖွဲ့ (Technical Working Group) အစည်းအဝေးတို့မှ သုံးသပ်အကြံပြုချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများက ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

ယနေ့လုပ်ငန်းစီမံကိန်းကာလမှာ ၂၀၀၈ ခုနှစ်ဩဂုတ်၁ရက်မှစ၍ သုံးနှစ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၃၁၅၃၁၃ ကို ဥရောပကော်မရှင်၏အဓိကထည့်ဝင်မှုဖြင့် ကမ္ဘာ့ဘဏ်က ထောက်ပံ့ပေးကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

လှိုင်သာယာ (၃)ရပ်ကွက် အမှတ်(၃) မူလတန်းကျောင်းဆောင်သစ် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန်　　စက်တင်ဘာ　၆

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ နည်းပညာပံ့ပိုးမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းနှင့် လှိုင်သာယာစက်မှုဇုန် ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်နှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် အလှူရှင်များက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်ထံ ပေးအပ်လှူဒါန်းပြီး မြို့နယ်ပညာရေးမှူး ဦးသန်းဌေးနှင့် ကျောင်းသားမိဘတစ်ဦးတို့က ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာသင်ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၁၉)

ကျောင်းဆောင်သစ်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဆောက်လုပ်လှူဒါန်းသည့် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (၁၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အစွမ်းထက်မြက်သောဂါထာတော်များ(၂)" ဆရာတော် အရှင်ကဥ္စနာဘာသ(မုဋ္ဌော-ကလေး၀)
၈း၀၅ - ၂း၀၅	သွားမယ်စားမယ် (ROMANTIC FOOD CENTRE)
၈း၂၀ - ၂း၂၀	Sunday Talk (သန်းမြတ်စိုး၊ ကိုင်ဇာ၊ မျိုးမြတ်သူ)
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	Activities In The City (သွေးလှူဒါန်းပွဲ၊ ချမ်းမြေ့ဆရာတော်ဝိဇာတမင်္ဂလာပွဲ)
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	ကုသိုလ်ရှင်တွေနဲ့အတူသာဓုခေါ်နိုင်ဖို့ မဟာတေဇမုနိစေတီတော်ကိုဖူးကြစို့
၁၀း၂၀ - ၄း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅- ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	Euro Goals
၁၀း၄၅ - ၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	International Video Topics (ဆာဟာရပုံပြင်-၂)
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀	TOYO Battery ၏စက်ရုံအလည်အပတ်ခရီးစဉ်နှင့် ရောင်းအားအကောင်းဆုံးဆုချီးမြှင့်ပွဲအခမ်းအနား
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂း၃၀ - ၆း၃၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ် တေးအရသာ (အသစ်စက်စက် အစစ်သက်သက် စန္ဒရားလက်ရည်တက် ကလေးများ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

Daewoo နှင့် HQ အမှတ်တံဆိပ် လုပ်ငန်းသုံး Cooling Storage များ မိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် စက်တင်ဘာ ၆

OK Myanmar Co., Ltd မှ တင်သွင်းဖြန့်ဖြူးသည့် Daewoo နှင့် HQ အမှတ်တံဆိပ် လုပ်ငန်းသုံး Cooling Storage များ မိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားကို ယနေ့ညနေ ၇ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် Excel Treasure Tower Crystal Jade ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကုမ္ပဏီအနေဖြင့် စီးပွားရေးလုပ်ငန်းသုံး အအေးခန်းပစ္စည်းများ တိုးချဲ့တင်သွင်းရသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းမြင့်လှိုင်က ကုမ္ပဏီအနေဖြင့် Daewoo နှင့် HQ အမှတ်တံဆိပ် ပစ္စည်းအမယ်သစ်များ တိုးချဲ့တင်သွင်းမည့် အခြေအနေ၊ အရောင်းကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဝယ်ယူသုံးစွဲသူများအတွက် ဝန်ဆောင်မှု အာမခံချက် အပြည့်အဝ ရရှိခံစားနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် ပြသထားသည့် ပစ္စည်းများအနက် HQ အမှတ်တံဆိပ် လုပ်ငန်းသုံး Cooling Storage များသည် သံမဏိအိမ်ဖြင့် ပြုလုပ်ထားပြီး အအေးဒီဂရီကို လိုသလို ထိန်းညှိပေးသည့်စနစ် ပါရှိသည်။ ထားသိုသည့် အရည်နှင့် ပစ္စည်းများ အေးခဲမသွားစေရေးအတွက် သုညဒီဂရီ ရေခဲမှတ်ထက် နိမ့်ကျမသွားစေရေး အလိုအလျောက်ထိန်းချုပ်စနစ် ပါရှိသည်။ အလင်းရောင် တိုက်ရိုက်ထိတွေ့မှု မရှိသဖြင့် မူလအရောင်၊ အနံ့၊ အရသာကို ထိန်းချုပ်နိုင်ခြင်း၊ အရည်များအေးခဲမှု မရှိသဖြင့် မူလအရည်အသွေးအတိုင်း သိုလှောင်ထိန်းသိမ်းထားနိုင်ခြင်း စသည့် ထူးခြားချက်များ ရှိသည်။

ဆေးရုံ၊ သုတေသနဓာတ်ခွဲခန်းများတွင် ကာကွယ်ဆေးများနှင့် ဒြပ်စင်၊ ဒြပ်ပေါင်းများ၊ Reagent များ သိုလှောင်ရန် သင့်လျော်ခြင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများတွင် အဖိုးတန် ပရဆေးကုန်ကြမ်းများ ထားသိုသိမ်းဆည်းရန်နှင့် အစားအသောက် ထုတ်လုပ်ရေး လုပ်ငန်းများတွင် အနံ့အရသာ ထည့်သွင်းသည့် Flavour မှုန့်များ ထားသိုသိမ်းဆည်းရန် အသုံးပြုကြသည်။ ကုမ္ပဏီအနေဖြင့် ကျယ်ပြန့်လာသည့် ဈေးကွက်လိုအပ်ချက်နှင့်အညီ စတင်မိတ်ဆက်တင်သွင်းခြင်း ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက ရုံးချုပ်နှင့် ရန်ကုန်မြို့ Daewoo Showroom အမှတ် (၁၇၅) ဗိုလ်အောင်ကျော်လမ်း ဖုန်း- ၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၉၂၉၉၇၊ ၃၇၇၆၂၇၊ HQ-1 အမှတ် (၁၂၄)၊ မဟာဗန္ဓုလလမ်း ဗန္ဓုလပန်းခြံရှေ့ ဖုန်း-၃၇၆၉၉၇၊ HQ-2 အမှတ် (၂၀၁/၂၀၃) ပန်းဆိုးတန်းလမ်း ဖုန်း- ၂၄၁၀၇၇၊ ၃၈၇၆၄၄၊ မန္တလေး အမှတ်(၁၃၅) ၈၄လမ်း ၃၀-၃၁ ကြား ဖုန်း- ၀၂-၃၁၅၈၂၊ နေပြည်တော် အမှတ် (၁၅၆)၊ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း- ၀၆၇-၄၂၀၈၁၃ နှင့် Service Centre ဖုန်း- ၂၉၉၄၀၁၊ ၂၉၈၄၉၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

OK Myanmar Co., Ltd မှ တင်သွင်းဖြန့်ဖြူးသည့် Daewoo နှင့် HQ အမှတ်တံဆိပ် လုပ်ငန်းသုံး Cooling Storage များ မိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားတွင် OK Myanmar Co., Ltd ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ခင်းကျင်းပြသ

OK Myanmar Co., Ltd မှ တင်သွင်းဖြန့်ဖြူးသည့် Daewoo နှင့် HQ အမှတ်တံဆိပ် လုပ်ငန်းသုံး Cooling Storage များ မိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် လုပ်ငန်းသုံးနှင့် အိမ်သုံး အအေးခန်း ပစ္စည်းအမျိုးမျိုးကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်းတို့၌ ယနေ့ ညနေ ၃နာရီခွဲက ဆက်လက်ယှဉ်ပြိုင် ကစားကြရာ နေပြည်တော်ကွင်း၌ (ယယ) အုပ်စုမှ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဘောလုံးအသင်းက ကျန်းမာရေး ဝန်ကြီးဌာန ဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပေါင်းလောင်း အားကစားကွင်းတွင် (ယယ) အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အားပေးကြည့်ရှု

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက် အားပေးကြည့်ရှုကြသည်။

ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ (ကွာတားဖိုင်နယ်) ရှုံးထွက်ပွဲစဉ်များကို နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းကွင်း၌ စက်တင်ဘာ ၁၀ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ပွဲဦးထွက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၀၇)

မုတ်သုံလေအားပျော့နေ

ရန်ကုန် စက်တင်ဘာ ၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပါသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မော်ဘီမြို့တွင် ၂ဒသမ၀၈လက်မ၊ ကော့သောင်းမြို့နှင့် ခရမ်းမြို့တို့တွင် ၁ဒသမ ၃၇လက်မစီ၊ ကော့ကရိတ်မြို့တွင် ၁ဒသမ၁၀လက်မနှင့် ပုသိမ်မြို့တွင် ၁ဒသမ၀၆လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားပျော့နေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၇ ရက် ညနေထိ ခန့်မှန်းချက် ။ ။ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေဆက်လက် အားနည်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၂ဒသမ၁ဒီဂရီစင်တီဂရိတ်) (၉၀ဒီဂရီဖာရင်ဟိုက်)	၅-၉-၂၀၀၈
အနိမ့်ဆုံးအပူချိန်	(၂၂ဒသမ၀ဒီဂရီစင်တီဂရိတ်) (၇၂ဒီဂရီဖာရင်ဟိုက်)	၆-၉-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ရာခိုင်နှုန်း	၆-၉-၂၀၀၈
နေပူသည့်နာရီပေါင်း	၂ဒသမ၄နာရီခန့်	၅-၉-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၆-၉-၂၀၀၈	၅မမ(၀ဒသမ၂၀လက်မ)	မရှိပါ	၉မမ(၀ဒသမ၃၆လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၀၆၇ မမ (၈၁ဒသမ၃၈လက်မ)	၂၃၃၅မမ (၉၁ဒသမ၉၃လက်မ)	၂၇၉၅မမ (၁၁၀ဒသမ၀၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံး လေတိုက်နှုန်းမှာ ၅-၉-၂၀၀၈ ရက် ၁၄း၃၀နာရီတွင် တောင်ဘက်မှ တစ်နာရီခြောက်မိုင်နှုန်း တိုက်ခတ်သည်။

၂၀၀၈ခုနှစ်(၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမှာစကားပြောကြားစဉ်။

(ဂျူဒိုအဖွဲ့ချုပ်)

(၁၃) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၈ ခုနှစ် (၁၃) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂျူဒိုအားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံအသင်းများက တံခွန်စိုက်ဒိုင်းဆုကြီးများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေး၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ဖွင့်ပွဲနေ့ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ ၇၂ ပွဲ ကျင်းပပြီးစီးသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၂ သင်းနှင့် အမျိုးသမီး ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၆

စက်တင်ဘာ ၆ရက်က ဦးဝေလွင် (အထွေထွေမန်နေဂျာ) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း (စက်မှု-၁) ဝန်ကြီးဌာနသည် ကစားဖော်များဖြစ်ကြသော ဦးကြည်မောင်၊ ဦးဝင်းမြင့်၊ ဦးတေဇ၊ ဦးရဲမင်းသူတို့နှင့်အတူ နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် TOUR SPECIAL ဂေါက်သီးအား PING-3၊ Iron-5 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက်အကွာရှိ ကျင်းအမှတ် ၁၂ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

ဆင်စခန်းပြကွက်၌ ဆင်ကျွမ်းကျင်လိမ္မာမှုပြပွဲကို အထူးအစီအစဉ်တစ်ရပ်အဖြစ် နံနက် ၁၀ နာရီ၌ စတင်ပြသရာ လာရောက်ကြည့်ရှု အားပေးလေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) သို့ ယနေ့ လာရောက် အပန်းဖြေအနားယူကြသည့် ပြည်သူများသည် ဆင်စခန်းအတွင်း ဆင်စီး၍ လှည့်လည်ခြင်း၊ ကားရထားများဖြင့် ဥယျာဉ်ပတ်လမ်းမှ လှည့်လည်ကြည့်ရှုလေ့လာခြင်း၊ ကလေးငယ်များကလည်း ခေတ်မီအားကစားကွင်း၌ ပျော်ရွှင်ကြည်နူးစွာ အပန်းဖြေအနားယူကြခြင်းတို့ကို တွေ့ရှိရသည်။

(သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဆင်စခန်းပြကွက်၌ ဆင်ကျွမ်းကျင်လိမ္မာမှုပြပွဲကို အထူးအစီအစဉ်တစ်ရပ်အဖြစ် ပြသရာ လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

STI နှင့် HBS ကြီးမှူး၍ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှုဒီပလိုမာသင်တန်း ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

ယနေ့ ပြောင်းလဲနေသော ပညာသင်ယူမှုပုံစံတစ်ရပ်မှာ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်၍ ကာလတိုတိုဖြင့် သင်ယူသည့် ပုံစံဖြစ်သဖြင့် အခြေခံဒီပလိုမာရယူပြီး လက်တွေ့ပညာရပ်များမှ အဆင့်မြင့်ဒီပလိုမာ၊ ထိုမှတစ်ဆင့် ဘွဲ့၊ ဘွဲ့လွန်များရယူကာ မိမိစိတ်ဝင်စားသော လုပ်ငန်းခွင်အတွက် ကြိုးပမ်းအားထုတ်ကြလျက်ရှိသည်။

ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းများမှာ တစ်ရှိန်ထိုး တိုးတက်၍ အလုပ်အကိုင် အခွင့်အလမ်းများပေါများခြင်း၊ နိုင်ငံတကာသို့ ရွှေ့ပြောင်းအမှုထမ်းနိုင်ခြင်း စသည်တို့နှင့် ပြည့်စုံလျက်ရှိသည်။

STI Education သည် မြန်မာလူငယ်များအတွက် အထူးအခွင့်အရေးတစ်ရပ်အဖြစ် စင်ကာပူနိုင်ငံအခြေစိုက် Hospitality Business School (HBS) နှင့် ပူးပေါင်းကာ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှုဒီပလိုမာ အစီအစဉ်တစ်ရပ်ဖော်ထုတ်သည့် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။

စင်ကာပူနိုင်ငံ HBS သင်တန်းဌာနသည် စင်ကာပူနိုင်ငံ အသိအမှတ်ပြု Case Trust ကျောင်းတစ်ခုဖြစ်၍ ဒီပလိုမာရရှိရန် စုစုပေါင်း ၁၀ လ ကြာမြင့်မည်ဖြစ်ပြီး ပထမ လေးလတွင် စာတွေ့ (Theory) ကို Student Pass ဖြင့်လည်းကောင်း၊ ဒုတိယခြောက်လတွင် Training Pass ဖြင့်လည်းကောင်း နေထိုင်ခွင့်ရမည်ဖြစ်သည်။

သင်တန်းသားအနေဖြင့် Security Deposit အာမခံကြိုတင်ငွေ ပေးသွင်းရန်မလိုဘဲ On the Job Training ကို သင်တန်းဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး ဒီပလိုမာကို HBS နှင့် အင်္ဂလန်နိုင်ငံ AMA တို့က ပူးတွဲချီးမြှင့်မည်ဖြစ်သည်။ သင်တန်းကြေးမှာ စုစုပေါင်း စင်ကာပူဒေါ်လာ ၂၅၀၀ (သို့) မြန်မာငွေကျပ် ၂၅ သိန်းခန့် ကုန်ကျမည်ဖြစ်သည်။ Training Pass ဖြင့် နေထိုင်စဉ်ကာလအတွင်း သင်တန်းသားတစ်ဦးချင်းစီ၏ အရည်အချင်းပေါ် မူတည်၍ လစဉ် စင်ကာပူဒေါ်လာ ၆၀၀ မှ ၈၀၀ အထိ ဝင်ငွေရရှိမည်ဖြစ်သည်။

HBS မှ တာဝန်ရှိသူများက ဟောပြော ဆွေးနွေးမည်ဖြစ်၍ စိတ်ဝင်စားသော မိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တစ်ဦးချင်း သိရှိလိုသူများသည် အဆောင်(၄)၊ အခန်း(၇)၊မြန်မာအင်ဖိုတက်၊ လှိုင်နယ်မြေ၊ ရန်ကုန်မြို့၊ အမှတ်(၃၇၇)၊ အထက်ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NLD ဌာနချုပ်သို့ဩဂုတ်လအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၄ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် စက်တင်ဘာ ၆

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း ၂၄ ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကံ့ကော်ပင် စိုက်ပျိုး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်အနောက်ပိုင်းခရိုင်၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်(အနောက်ပိုင်း)ခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်အနောက်ပိုင်းခရိုင်၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေး၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင်က ယခုနှစ် မိုးရာသီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း သစ်ပင်များစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဖြန့်ဝေစိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အမှတ်တရ သစ်ပင်များစိုက်ပျိုးပေးကြပြီး ပြည်သူ့လွှတ်တော်ဝင်းအတွင်း ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သစ်ပင်ပေါင်း ၇၀၀ ကျော် စိုက်ပျိုးနေကြသည်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း သစ်တောကြိုးဝိုင်းများ၌ ကျွန်းစိုက်ခင်းများ၊ ဆည်နှင့်ရေလှောင်တမံများ၏ ရေဝေရေလဲနေရာများ၌ ရေဝေရေလဲစိုက်ခင်းများ၊ ခရိုင်နှင့် မြို့နယ်အသီးသီး၌ သစ်ပင်စိုက်ပျိုးပွဲများကို စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း ပျဉ်းမ၊ မဟော်ဂနီ၊ စိန်ပန်း၊ ခရေ၊ မန်ကျည်း၊ တမာ၊ ထန်း၊ ကျွန်း၊ ကံ့ကော် အစရှိသည့် အရိပ်ရပင်နှင့် လေကာပင် စုစုပေါင်း ၃၆၆၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ အပန်းဖြေအနားယူကြသူများဖြင့် စည်ကား

နေပြည်တော် စက်တင်ဘာ ၆

နေပြည်တော်၌ မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီလှပ ခံ့ညားထည်ဝါစွာဖြင့် ပြည်သူများ စိတ်လက်ပျော်ရွှင်စွာ အပန်းဖြေရန်၊ ပညာပေးရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ထူထောင်ခဲ့ပြီး ၂၀၀၈ ခုနှစ် မတ်လတွင် ခမ်းနားထည်ဝါစွာဖြင့် ဖွင့်လှစ်ခဲ့သည်။

ယနေ့သည် (စနေနေ့)ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ဒေသခံပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဗဟုသုတရှာမှီးလိုကြသူများသည် နံနက်ပိုင်းမှစတင်၍ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်ကာ အပန်းဖြေအနားယူကြခြင်း၊ ဗဟုသုတရှာမှီးခြင်းတို့ကို တွေ့ရှိရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ဆင်စခန်းပြကွက်၊ မိကျောင်းနှင့်ဖျံပြကွက်၊ အာရှင့်က် လှောင်ရုံ၊ ကျားပြကွက်၊ သားပိုက်ကောင်ပြကွက်၊ ဖြူပြကွက်၊ ပင်ဂွင်းပြကွက်၊ ကျားသစ်ပြကွက်၊ တွားသွားသတ္တဝါပြကွက်၊ ညဥ့်ထွက်သတ္တဝါပြကွက်၊ မျောက်လွှဲကျော်ကျွန်းပြကွက်၊ ရေနေငှက်ရေကန်၊ အာရှသမင်ဖြတ်လမ်းပြကွက်၊ နွားနောက်ပြကွက်၊ မျောက်တံငါပြကွက်၊ ဟိမဝန္တာလင်းတနှင့် ရေနေငှက်ကန်ပြကွက်၊ ချေလှောင်ပြကွက်၊ ဟိမဝန္တာ ဝက်ဝံပြကွက်၊ ကျားဖြူပြကွက်၊ ဘာဘွန်းမျောက်ပြကွက်၊ မြင်းကျားနှင့် ငှက်ကုလားအုတ်ပြကွက်၊ကြိုးကြာကျွန်းပြကွက်၊ ရေမြင်းပြကွက်၊ ခြသေ့ပြကွက်၊ တောခွေးကျွန်းပြကွက်နှင့် ခွေးအကျွန်းပြကွက်ဟူ၍တိရစ္ဆာန်ပြကွက် ၂၇ ခုတို့ကို ပြသထားသည်။

အထူးသဖြင့် ရုံးပိတ်ရက်ဖြစ်သည့် စနေနှင့်တနင်္ဂနွေနေ့များတွင်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့❖

ကြည့်ရှုလေ့လာ

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တွင် ဒေသခံ ပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဗဟုသုတရှာမှီးလိုကြသူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ယနေ့ ဆောင်းပါးအညွှန်း

"အငယ်ကစ၊ ကြီးပွားရေး လောကမှတာ" ဆိုရိုးစကား အတိုင်း ငယ်စဉ်ကာလတွင် စာဖတ်ဝါသနာပါအောင် ပျိုးထောင်ပေးခြင်းသည် ပညာရေးလောက၏ အခြေခံ အုတ်မြစ်ဖြစ်"

ဦးသန်းထွတ် [ပါမောက္ခ (ငြိမ်း)ပညာရေးတက္ကသိုလ်] ၏ *"စာတတ်မြောက်ရေး စာဖတ်ဝါသနာ ပျိုးထောင်ပေး"* (ဆောင်းပါး)

စာမျက်နှာ-၆